# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## ပဥ္စမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

## (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၁.၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂-၇-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့

တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့် ဦးရေ ၃၉၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၃၅ ဦးအနက် ၁၀ ဦး ကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၅ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၁ ရက်၊

(၂) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၂ ရက်၊

(၃) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၄ ရက်၊

(၄) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၅) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၃ ရက်၊

(၆) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၁ ရက်၊

(၇) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁၄ ရက်၊

(၈) တီးတိန့်မဲဆန္ဒနယ်မှ ဦးပုမ်ခန်အင် ခွင့် ၁ ရက်၊

(၉) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၄ ရက်၊

(၁၀) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၂ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းဇော်ဝင်း ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၄ ရက်၊

(၁၃) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၁၄) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၁၅) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၁၆) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၄ ရက်၊

(၁၇) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၂ ရက်၊

(၁၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၄ ရက်၊

(၁၉) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၄ ရက်၊

(၂၀) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁၇ ရက်၊

(၂၁) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၄ ရက်၊

(၂၂) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၄ ရက်၊

(၂၃) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁ ရက်၊

(၂၄) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်နှင့်

(၂၅) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၂၅ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၅ ဦးဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြု ချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကို တင်ပြရန်ရှိပါတယ်။ ဒါတွေကတော့ နိုင်ငံတော်သမ္မတထံ မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့က ပေးပို့တဲ့ သဝဏ်လွှာ။ ဒီသဝဏ်လွှာနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်ချက်များကို တင်ပြမှာ ဖြစ်ပါတယ်။

သို့

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး အမြန်ဆုံး ခေါ်ယူ ပေးနိုင်ရေး

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ရာတွင် အချို့သော အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရမည့်ကိစ္စရပ်များတွင် အောင်မြင် မှုများရရှိခဲ့သော်လည်း အချို့သော ကိစ္စရပ်များတွင် မလိုလားအပ်သော ကိစ္စရပ်များနှင့်ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ကြောင်း ပြည်သူများအတွင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှ တင်ပြလာမှုများရှိပါသည်။

၃။ အဆိုပါကိစ္စရပ်များအား အလေးအနက်ထားဆွေးနွေးရန် လိုအပ်ပါသဖြင့် အမျိုးသားကာကွယ် ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးအား အမြန်ဆုံးခေါ်ယူကျင်းပပေးနိုင်ပါရန် သဝဏ်လွှာပေးပို့ ပါသည်။

ဒီအပေါ်မူတည်ပြီးမနေ့က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး မနက် ၉ နာရီမှာ စတင်ကျင်းပဆောင်ရွက်နိုင်ခဲ့ပါတယ်။ မိမိ၏ သဝဏ်လွှာမှာပါရှိတဲ့ အပိုဒ် ၂ မှာ ပါတဲ့ အကြောင်းအရာများထဲက အချို့သောကိစ္စရပ်များတွင် မလိုလားအပ်သော ကိစ္စရပ်များနှင့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ကြောင်း ပြည်သူများအတွင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ အတွင်းမှ တင်ပြလာမှုများ ရှိပါသည်ဆိုတဲ့ အပိုဒ်တစ်ပိုဒ်ပါပါတယ်။ ပြည်သူများအတွင်းကတော့ ပြည်သူများပုံစံနှင့် တင်ပြခဲ့တာရှိသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ကျွန်တော်ထံ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နေတဲ့ ကိစ္စများကို တရားဝင်စာနှင့် တင်ပြအသိပေး တိုင်တန်းခဲ့တာတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ မနေ့က ပြုလုပ်ကျင်းပတဲ့ အစည်းအဝေးမှာ ဒီအကြောင်းအရာတွေကိုလည်း အဆင်ပြေအောင် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းများကလည်း မည်သို့မည်ပုံဖြေရှင်းပေးနေတယ်ဆိုတာလည်း ကြားသိခဲ့ရပါတယ်။ ဒါ့အပြင် အစည်းအဝေးမှာဆုံးဖြတ်ပြီး အားလုံးသိရှိရန်လိုအပ်တဲ့ ဒီဆုံးဖြတ်ချက်များ ဟာလည်း အများသိသင့်တဲ့ ကိစ္စများဖြစ်သည့်အတွက် ကျွန်တော်ဒီမှာတင်ပြပါမယ်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ မိမိတို့ တိုင်းရင်းသား၊ အမျိုးသားများအားလုံးက လိုလား ကြပါတယ်။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းရေးရရှိအောင် မဖြစ်မနေကြိုးစားလုပ်ဆောင်ကြဖို့ ဆုံးဖြတ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အဖြေကောင်းတွေ၊ အခြေအနေကောင်းများ ရရှိနိုင်ဖို့အတွက် နှီးနှော ဆွေးနွေးညှိနှိုင်းပြီး လုပ်ရအောင်လည်းဆုံးဖြတ်ကြပါတယ်။ စေတနာ ကောင်းသလို ရလဒ်ကောင်းများ ရရှိရေးအတွက် အားလုံးပါဝင်နိုင်ရေးနှင့် စနစ်တကျနှင့် နည်းလမ်းတကျ ဆောင်ရွက်သွားဖို့လည်း ဆုံးဖြတ်ကြပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ နေရာမှာ ငွေကြေး၊ ပစ္စည်း အထောက်အပံ့များ လိုအပ်မှာ ဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့ အခါမှာ ပြည်ပနိုင်ငံ၊ ပြည်ပအဖွဲ့အစည်းများက ပေးလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက် အဓိက မထားဘဲ ပြည်သူ့များရဲ့ဘဏ္ဍာ၊ နိုင်ငံရဲ့ဘဏ္ဍာ၊ ငွေကြေးများကို သုံးစွဲပြီး ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်မယ်။ သဘောတူကြပါတယ်။ ဆုံးဖြတ်ကြပါတယ်။ ဒီနေရာမှာ ဘေးထွက်ဆိုးကျိုး ဆိုတဲ့စကားနှင့်ပတ်သက်ပြီး

မိမိတို့ နားလည်လက်ခံထားတဲ့အချက်က ငြိမ်းချမ်းရေးရအောင် တည်ဆောက်တဲ့အခါမှာ ဥပဒေနှင့်မညီရင် ပြည်သူများရဲ့ဘဝလုံခြုံရေးကို ထိပါးလာလျှင် သို့မဟုတ် ပြည်သူများရဲ့ဘဝလုံခြုံရေးကို အကာအကွယ်မပေးနိုင်တဲ့ ဖြစ်စဉ်ဖြစ်ရပ်မျိုးများ ဖြစ်လာလို့ရှိရင် မကောင်းတဲ့ ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်လာခြင်းကို ကြိုတင်လေ့လာ သုံးသပ်ပြီး ဆောင်ရွက်ဖို့လည်း သုံးသပ်ကြပါတယ်။ ဒါကြောင့် မနေ့က ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက သမ္မတဆီကို သဝဏ်လွှာပေးပို့တဲ့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဆွေးနွေးမှုအား နိုင်ငံအတွက်၊ ပြည်သူ့အတွက်၊ ငြိမ်းချမ်းရေးအတွက် နိုင်ငံနှင့်နိုင်ငံသားများ အတွက် အင်မတန်အကျိုးရှိတဲ့ ဆွေးနွေး မှုတစ်ခုဖြစ်ကြောင်း လွှတ်တော်သို့ ပြန်လည်တင်ပြ ခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ ကိုဆက်လက်ဆောင်ရွက်ပါ မယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အမြန်လမ်းဘေး မြို့ချောင်းကျေးရွာနှင့် ဆက်သွယ်ထားသောလမ်းပေါ်ရှိ ကင်းရွာသို့ဆက်သွယ်သော သူဌေးကုန်း-ကင်းရွာလမ်းအား ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာ ခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကျောက်တံခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်ဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးမှာက ကျေးလက်ဒေသ

ဖွံ့ဖြိုးရေးနှင့်ပတ်သက်တဲ့မေးခွန်းတစ်ခုမေးမြန်း လိုပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ဘေးရှိ သူငွေးကုန်ကျေးရွာမှ အမြန်လမ်းဘေးမြို့ချောင်းကျေးရွာသို့ဆက်သွယ်ထားသော လမ်းပေါ်ရှိ ကင်းရွာသို့ဆက်သွယ်သော သူငွေးကုန်း-ကင်းရွာလမ်းမှာ အရှည် ၁၀ မိုင် ၂ ဖာလုံခန့်ရှိပြီး ၂၀၀၉-၂၀၁၀ ခုနှစ်တွင် GE တပ်မှ ၁၂ ပေအကျယ်ကျောက်ချော လမ်းအဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ ယင်းလမ်းဘေးတွင် ကျေးရွာအုပ်စု ၄ အုပ်စု၊ ရွာပေါင်း ၂၀၊ အိမ်ခြေ ၁၇၃၉၊ လူဦးရေ ၁၁၇၇၂ ဦးတို့ မှီတင်းနေထိုင်သွားလာကြပါတယ်။ ယခုအခါတွင် သစ်လုံးတင်ယာဥ်ကြီးများ၊ သစ်ခွဲသားတင်ယာဥ်ကြီးများသွားလာမှုကြောင့် လမ်းပျက်စီးလျက်ရှိရာ သွားလာရေးတွင်ခက်ခဲခြင်း၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများဆောင်ရွက်ရာတွင် အခက်အခဲများရှိနေခြင်းကြောင့် ဤဆက်သွယ်ရေးလမ်းမကြီး ပျက်စီးနေသည်ကို ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင်ပြုပြင်ပေးမည်။ မရှိပါက မည်သည့်အကြောင်းကြောင့်ဆိုသည်ကိုသိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာခင်မောင်ဆွေမှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးရှိ သူငွေးကုန်းကျေးရွာမှ အမြန်လမ်းဘေး မြို့ချောင်းကျေးရွာနဲ့ဆက်သွယ်ထားသော လမ်းပေါ်သို့ကင်းရွာအထိဆက်သွယ်တဲ့လမ်းကို သူငွေးကုန်း-ကင်းရွာလမ်းအားပြုပြင်ပေးရန် အစီအစဉ်

ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကတော့ ဝန်ကြီးဌာနသုံးခုဖြစ်တဲ့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနစတဲ့ဝန်ကြီးဌာန သုံးခုနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်သော်လည်းပဲ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဖြေဆိုရန် တာဝန်ပေးတဲ့အတွက် ဝန်ကြီးဌာနသုံးခုကိုယ်စား ကျွန်တော်ရှင်းလင်းဖြေကြားခွင့်ပြုပါခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဟာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)လမ်းဆုံကနေစပြီးတော့ မိုင်တိုင်(၀/၀)ကနေပြီးတော့ ၈၃ မိုင် ၆ ဖာလုံ မြို့ချောင်းအထိကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ထို့အတူပဲ မိုင်တိုင် (၈၃/၆) မြို့ချောင်းကျေးရွာကနေပြီးတော့ မိုင်တိုင် (၁၇၃/၁) သာဂရအထိကို ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးအစီအစဉ်နဲ့ ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ တစ်ဖန် မိုင်တိုင် (၁၇၃/၁) ကနေပြီးတော့ ၃၆၆ မိုင် ၃ ဖာလုံအထိကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကနေပြီးတော့ ဆောင်ရွက်ခဲ့တဲ့ လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီးဟာ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလကနေပြီးတော့ စတင်ဖောက်လုပ် ခဲ့ပါတယ်။ ဒီလိုဖောက်လုပ်တဲ့အခါမှာလည်း ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း အပိုင်း ၃ ပိုင်းခွဲပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီမှာ သူဌေးကုန်း-ကင်းရွာလမ်းဟာ ၁၀ မိုင်နှင့် ၂ ဖာလုံရှည်လျား ပြီးတော့ ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်လုပ်စဉ်ကာလတုန်းက ဆောက်လုပ်ရေးပစ္စည်းများ လုပ်ငန်းခွင်သို့ လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်ရန်အတွက် အထောက်အကူပြုလမ်းအဖြစ် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ၎င်းလမ်းအပိုင်းကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ခဲ့သော်လည်းပဲ မြို့ချောင်းသစ်ဆိပ်နှင့် အမှတ်(၉၁)သစ်စက်တို့မှ သစ်လုံးတင်ယာဉ်များဖြတ်သန်းသွားလာမှုကြောင့် ကျောက်လမ်းပျက်စီး ခဲ့ရခြင်းဖြစ်ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းပြီးစီးချိန် ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှာတော့ မြို့ချောင်း-သာဂရ အပိုင်းဖြစ်တဲ့ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတဲ့အပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကိုလွှဲပြောင်းပြီးတော့ သူဌေးကုန်း-ကင်းရွာလမ်းအပိုင်းကိုတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းအဖြစ်အသုံးပြုပြီး နယ်စပ်ရေးရာဝန်ကြီး ဌာနကိုလွှဲပြောင်းပေးခဲ့တာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

သူဌေးကုန်း-ကင်းရွာ လမ်းအား အရှည် ၁၀ မိုင်နှင့် ၂ ဖာလုံရှိတဲ့ကျောက်ချောလမ်းခင်းမည်ဆိုပါက ငွေကျပ် ၆၂၀ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်သန်း ၃၁၀ နဲ့ ကျောက်ချောလမ်း ၅ မိုင် ၁ ဖာလုံအားလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်သန်း ၃၁၀ နဲ့ကျောက်ချောလမ်း ၅ မိုင် ၁ ဖာလုံကိုလည်းကောင်း၊ စုစုပေါင်း ၁၀ မိုင် ၂ ဖာလုံကို ဆောင်ရွက်ရန်လျာထားလျက်ရှိပါကြောင်းတင်ပြချက်အား လေးစားစွာရှင်းလင်းတင်ပြအပ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**နယ်စပ်ဒေသမြို့နယ်များရှိ ရှေ့တန်းတပ်စခန်းများအား အမာခံအဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့နယ်စပ်ဒေသ လုံခြုံရေး၊ ကာကွယ်ရေးတို့အတွက် တိုင်းရင်းသားတွေနေထိုင်တဲ့နယ်စပ်မြို့များမှာ တပ်မတော် တပ်ရင်း/တပ်ဖွဲ့များဟာ အလှည့်ကျပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတဲ့ စနစ်နဲ့နေထိုင်ရတဲ့ ရှေ့တန်းတပ်မတော်စခန်းတွေရှိပါတယ်။ နယ်စပ်ဒေသလုံခြုံရေးအတွက်မရှိမဖြစ်လိုအပ်တဲ့ တပ်မတော် စခန်းတွေလည်းဖြစ်ပါတယ်။ သို့သော်လည်းပဲ အမာခံဆောက်လုပ်ထားခြင်းမရှိတဲ့အတွက် ဒေသဝါး၊ သက်ကယ်၊ ယွန်းတို့ဖြင့်သာ ယာယီဆောက်လုပ်ပြီးတော့မှထားတဲ့အတွက် ရှေ့တန်းတပ်မတော် သားများဆင်းရဲစွာနေထိုင်ရခြင်း၊ ဒေသသစ်ဝါးရှားပါးလာခြင်းနှင့် တပ်မတော်နဲ့ ပြည်သူအကြား စည်းရုံးရေးမကျဆင်းစေခြင်းတို့အတွက် လွှတ်တော်ကိုယ်စားလှယ်များဟာ ဒေသခံလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုကြားမှာ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးရမည့်တာဝန်ရှိတယ်လို့ ယူဆတဲ့အတွက် ကျွန်တော် ၃၀-၄-၂၀၁၂ ရက်နေ့မှာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို

လိပ်မှုပြီးတော့မှ နယ်စပ်ဒေသတပ်မတော်စခန်းများကို ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ သွပ်၊ သံ၊ ဘိလပ်မြေပံ့ပိုးပြီးတော့မှ ဒေသအနေနဲ့ အမာခံစခန်းတွေဆောက်လုပ်သွားခြင်းအားဖြင့် အဆင်ပြေ မယ်လို့ယူဆတဲ့အတွက် ကျွန်တော်တင်ပြခဲ့ပါတယ်။ သို့သော်လည်းပဲ ထူးခြားမှုမရှိတဲ့အတွက်ကြောင့် မို့လို့ ကျွန်တော် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နယ်စပ်ဒေသတပ်မတော် စခန်းများကို အမာခံဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ် အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး မေးခွန်းနှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရှေ့တန်းစခန်းများနှင့် ရိက္ခာစုပုံရေးစခန်းများတွင် အခိုင်အမာအဆောက်အဦများ ဆောက်လုပ်ရန်မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဦးရှိသီးရဲ့ မေးမြန်းတဲ့ စေတနာက ယာယီဆောက်လုပ်နေရတဲ့ အတွက် ဒေသမှာရှိတဲ့ သစ်ဝါးများခုတ်ယူရတာရှိတယ်။ ခုတ်ယူရတဲ့အခါမှာ တချို့တချို့ ကိစ္စတွေက ဒေသမှာရှိတဲ့ ရွာသူရွာသားများနှင့် သက်ဆိုင်ပြီးပါဝင်လုပ်ကိုင်နေရတဲ့ကိစ္စများဟာ တိုက်ရိုက်စည်းရုံးရေး တပ်မတော်အပေါ် တစ်မျိုးတစ်မည်ထင်နိုင်တဲ့အတွက် အဲ့ဒါမျိုးပပျောက်အောင်ဆောင်ရွက်ပေး ရင် တပ်မတော်အပေါ် ဒေသခံပြည်သူများက လေးစားကြည်ညိုမှုရနိုင်တယ်ဆိုတဲ့ စေတနာနဲ့ မေးမြန်း ခြင်းဖြစ်တယ်လို့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒီလိုပဲယူဆပါတယ်။ မိမိတို့လည်း တပ်မတော်မှာ ရှည်ကြာစွာ တာဝန်ထမ်းဆောင်တဲ့နေရာမှာ တပ်မတော်သားများ ထမ်းဆောင်ရတဲ့တာဝန်ဟာ အင်မတန်မှ ကြီးမားပါတယ်။ ကိုယ်ထမင်းကိုယ်ချက်စားရတယ်။ ကိုယ်တဲကိုယ်ထိုးရတယ်။ စစ်ဆင်ရေးကာလမှာ အချိန်ရယ်လို့ သတ်

သတ်မှတ်မှတ်မရှိဘူး။ အဲ့ဒီအပြင် စခန်းများချတဲ့နေရာမှာလည်း လိုအပ်လာလို့ရှိရင် ဒေသခံ ရွာသူရွာသားများရဲ့ အကူအညီလည်း ယူရတာရှိတယ်။ တစ်ခါတလေကျတော့လည်း အကူ အညီရယူရတဲ့နေရာမှာ ပေါက်စျေးပေး ပေါက်စျေးနဲ့ဝယ်ရတာ ဝယ်နိုင်တဲ့ အခွင့်အလမ်းတွေ လည်းရှိတယ်။ တစ်ခါတစ်ကျတော့လည်း အခွင့်အလမ်းတွေ မရှိခဲ့တာလည်း ရှိတယ်။ ဒီအပေါ်မှာ ပင်လည်းပင်ပန်းတယ်။ ဆင်းရဲလည်း ဆင်းရဲတယ်။ ကိုယ့်အတွက်လည်းမဟုတ်ဘဲ လုပ်ရတဲ့ တပ်မတော်အပေါ်မှာ ဒေသမှာရှိကြတဲ့ ပြည်သူတွေက အမြင်ရှင်းတာရှိသလို အမြင်မရှင်းတာလဲ ရှိတယ်။ ဒီကိစ္စအတွက် ရည်ရွယ်ပြီးမေးတယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးအနေနဲ့ ပြန်လည်စဉ်းစားသုံးသပ် ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာကို ဆက်လက်တင်ပြပေးဖို့ လိုပါလိမ့်မယ်။ အဖြေကတော့ ရှင်းပါတယ်။ သို့သော်ရာတွင် အစီအစဉ် မရှိသေးဘူးဆိုရင် ဒေသမှာ မိမိတို့တပ်ရဲ့ ဂုဏ်သိက္ခာ နှင့်စည်းလုံးညီညွတ်ရေးအတွက် ရှိအောင်လုပ်ဖို့ အတွက်လည်း စဉ်းစားပေးရမယ့် အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးရှိသီး ထပြီးတော့ မေးမယ့်၊ ဆွေးနွေးမယ့်ပုံစံတွေ လိုက်တယ်။ မထပါဘူး။ အဲ့ဒီတော့ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက် အနေနဲ့ ဦးရှိသီးရဲ့ မေးတဲ့ မေးခွန်းအပေါ် သိနားလည်တဲ့အတွက် ဦးရှိသီးကိုယ်စား ထပ်ပြီးတော့ ပြည်ထောင်စုဝန်ကြီးကို ရှင်းပြခြင်းပဲ ဖြစ်ပါတယ်။ ဦးရှိသီးဘာများပြောစရာရှိပါသေးလဲ။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ တာဝန်ထမ်းဆောင်တဲ့ အခါမှာကိုယ့် မဲဆန္ဒနယ်မှာရှိတဲ့ ပြည်သူလူထုကလည်းတစ်ဘက်က မြန်မာ့တပ်မတော် အပေါ် မှာ အထင်မလွဲဖို့ရာ အတွက် ကျွန်တော်တို့ အနေနဲ့ နယ်စပ်ဒေသမှာနေထိုင်ပြီးတော့မှ ဒီစခန်းတည်ဆောက်နိုင်ဖို့ရာ ကျွန်တော်တို့နဲ့ ပြည်သူလူထုကို စည်းရုံးပေးပြီးတော့မှ ဒီ ၂၀၁၂- ၂၀၁၃ ဆိုတဲ့ကြားထဲမှာ ရွှေ့တန်း တပ်စခန်းတွေ ပြောင်းရွှေ့တဲ့နေရာမှာသော်လည်းကောင်း၊ တပ်မတော်ရိက္ခာတင်ပို့တဲ့အခါမှာသော် လည်းကောင်း လူထုသက်သာအောင် ကျွန်တော်တို့ အနေနဲ့ ရိက္ခာတွေကို တာဝန်ယူပြီးတော့မှ ပြည်သူလူထုကို ဖြည့်ဆည်းမှုမရှိဘဲနဲ့ လုပ်ပေးခဲ့ရတဲ့ ဟာလေးတွေရှိပါတယ်။ တချို့ ဒီကျေးရွာမှာရှိတဲ့ လက်သမားတွေကိုလည်းပဲ စည်းရုံးရေး အသွင်နဲ့ ကျွန်တော်တို့နယ်မြေအတွက်၊ ဒေသအတွက် ကာကွယ်ဖို့အတွက်၊ စောင့်ရှောက်ဖို့ အတွက် ရောက်ရှိလာတဲ့ တပ်မတော်တွေဖြစ်ပါတယ်။ ဒါလေးကို ကျွန်တော်တို့ အနေနဲ့ ဝိုင်းဝန်းပြီးတော့မှ ဆောက်လုပ်ပေးဖို့ တာဝန်ရှိပါတယ်ဆိုပြီး စည်းရုံးခဲ့ရတာ လေးတွေလည်း

ရှိပါတယ်။ ဒါကြောင့် ဒီရည်ရွယ်ချက်နဲ့ အမာခံဆောက်လုပ်ပေးရင် တစ်ဖက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး လမ်းညွှန်သွားသလိုပဲ တချို့စည်းရုံးရေးသော်လည်းကောင်း၊ ရှေ့တန်းရောက်တပ်မတော်သားတွေ ခက်ခက်ခဲခဲနေထိုင်ရတဲ့ဟာလေးကို ပြေပျောက်ပါစေဆိုတဲ့ပုံစံနဲ့ မေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ပြည်သူ့စစ်အဖွဲ့ မည်မျှရှိ၍ ဖွဲ့စည်းသည့် အခြေခံရမည့်မူရှိပါသလား၊ ပြည်သူ့စစ်အဖွဲ့ဝင်အား အမှုဖွင့် လျှင် ရဲစခန်းမှ အရေးယူနိုင်ရန် စစ်တပ်၏ ညွှန်ကြားချက် စောင့်ပြီးမှ အရေးယူရသည် ဆိုသည်မှာ တည်ဆဲသီးခြားဥပဒေရှိပါသလားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းဆောင်ဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် ဖြစ်ပါ တယ်။ ကျောက်မဲမဲဆန္ဒနယ်က ဦးစိုင်းဆောင်ဆီရဲ့ကိုယ်စား မေးခွန်းတင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်ဒေသ ကျေးရွာဒေသတချို့တွေမှာ လူထုကနေ ပြီးတော့ ပြည်သူ့စစ်ကိစ္စနှင့်ပတ်သက်ပြီးတင်ပြချက်များရှိတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းမေးမြန်း ရခြင်းဖြစ်ကြောင်း သိရပါတယ်။ အကြောင်းအရင်းကတော့ ကျောက်မဲမြို့နယ်အတွင်းမှာရှိတဲ့ ဟိုပုံး ကျေးရွာအုပ်စု၊ မိုင်းငေါ့ကျေးရွာအုပ်စုနှင့် မိုင်းပြင်းကျေးရွာအုပ်စုတွေမှာ ဒေသခံပြည်သူလူထုတွေ တင်ပြချက်အရ ကျေးရွာဒေသပြည်သူ့စစ်တပ်ဖွဲ့များကို ပြည်သူ့ရဲ့ သဘောဆန္ဒမပါဘဲ ဖွဲ့စည်းခဲ့ခြင်း၊ အဲ့ဒီအဖွဲ့တွေကို ထောက်ပံ့ဖို့အတွက် အတင်းအဓမ္မငွေကြေးကောက်ခံမှုများရှိနေကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် ပြည်သူများတင်ပြချက်အရ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တစ်ဦးက ပြည်သူအား သေနတ်ဖြင့် ခြိမ်းခြောက်ကြိမ်းမောင်းဆဲဆိုစဉ် သေနတ်ကျဉ်ဆံထွက်သွားတဲ့ကိစ္စဖြစ်ပေါ်ခဲ့တယ်လို့ သိရပါတယ်။ အဲ့ဒီကိစ္စနှင့်ပတ်သက်ပြီး ပြည်သူကနေပြီးတော့ ရဲစခန်းသို့ အမှုဖွင့်အရေးယူဆောင်ရွက် ပေးနိုင်ရန် တင်ပြခဲ့သော်လည်းပဲ ရဲစခန်းမှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်ဖြစ်နေတဲ့အတွက် တပ်မတော်ရဲ့ ညွှန်ကြားချက်ရပြီးမှ ဆက်လက်အရေးယူဆောင်ရွက်နိုင်မယ်လို့ အကြောင်းပြန်ခဲ့ကြောင်း သိရပါ တယ်။ ဒ့ါအပြင် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များဟာ တရားမဝင်သယ်ယူလာတဲ့ သစ်မှောင်ခိုများ၊ နွားများ စသည့်ကိစ္စကို လက်နက်ပြပြီးတော့မှ ငွေကြေးကောက်ခံမှုတွေရှိနေကြောင်း၊ နောက်အရက်

သေစာ မူးယစ်သောက်စားရမ်းကားပြီးတော့ ဆောင်ရွက်မှုတွေလည်း ရှိနေခဲ့ကြောင်း၊ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို ရှမ်းပြည်နယ် နယ်စပ်ရေးရာဝန်ကြီးဌာနသို့ ဖုန်းနှင့်တင်ပြခဲ့သော်လည်း ဝန်ကြီးက ပြည်သူ့စစ်တပ်ဖွဲ့ ဝင်တွေကို ရှိတယ်ဆိုတာ မသိရှိခဲ့ရပါကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် တပ်ဖွဲ့ဝင်တွေဟာ လိုင်စင်မဲ့ မော်တော်ကားများ စီးနှင်းနေတဲ့အတွက်ကြောင့် ပြည်သူတွေရဲ့ တိုင်ကြားချက်၊ ရဲစခန်း၊ မြို့နယ်/ခရိုင်ရဲစခန်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးသို့ တိုင်ကြားခဲ့သော်လည်း အရေးယူဖမ်းဆီးနိုင်ခဲ့ခြင်း မရှိခဲ့သောကြောင့် ယခုလိုပြည်သူလူထုကို စိတ်အနှောင့်အယှက်ဖြစ်ပြီးတော့ အထိတ်တလန့် ဖြစ်နေ ရတဲ့အတွက် အမြဲစိတ်မချမ်းမြေ့မှုများဖြစ်ပေါ်နေသောကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါကြောင်း။ မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံတွင် တရားဝင်ပြည်သူ့စစ်အဖွဲ့ ဘယ်နှစ်ဖွဲ့ရှိပါသလဲ။ ပြည်သူ့စစ်တပ်ဖွဲ့ကို ဖွဲ့စည်းတဲ့အခါ အခြေခံရမည့်မူရှိပါသလား။ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ အနေနဲ့ တည်ဆဲတရားဥပဒေများကို ကျူးလွန်ပါက ရဲစခန်းမှာ အမှုဖွင့်တဲ့အခါ ရဲစခန်းမှ အရေးယူနိုင် ရန် တပ်မတော်ရဲ့ ညွှန်ကြားချက်စောင့်ပြီးမှ အရေးယူရမယ်ဆိုသည်မှာ တည်ဆဲသီးခြားဥပဒေ ပြဋ္ဌာန်း သတ်မှတ်ထားတာများရှိပါသလားဆိုတာ သိရှိလိုပါကြောင်း တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးစိုင်းဆောင်ဆီ၊ ကျောက်မဲမဲဆန္ဒနယ်ကိုယ်စား ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ကျောက်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီ၏ မေးခွန်းနှင့် ပတ်သက်ပြီးတော့ (က) မြန်မာ့နိုင်ငံတွင် လက်ရှိပြည်သူ့စစ်ဌာနနေ အဖွဲ့ပေါင်း ၅၀၃၅ ဖွဲ့ရှိပါတယ်။ (ခ) ပြည်သူ့စစ်ဖွဲ့စည်းသည့် အခြေခံမူရှိပါတယ်။ အမာခံအရန်ဖွဲ့စည်းခွင့်တောင်းခံခြင်းနှင့် လက်နက် တပ်ဆင်ခွင့်တောင်းခံခြင်း လုပ်ထုံးလုပ်နည်းအဆင့်ဆင့်မှာ ကိုက်ညီရမယ့်အချက်များရှိပါတယ်။ ဒီအချက်တွေကတော့ (၁)ကျေးရွာလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးကိစ္စရပ်များကို စည်းရုံးတက်ကြွသော အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်လိုသော

ကျေးရွာလူထုရဲ့ တင်ပြချက်အရ ပြည်သူ့စစ်ဌာနအဖြစ် ဖွဲ့စည်းရန် စည်းရုံးဆောင်ရွက် ထား ခြင်း၊ (၂) သောင်းကျန်းသူများအား ပြည်သူ့စစ်များဖြင့် တိုက်ခိုက် ရန်လိုအပ်ခြင်း၊ (၃) စနစ်တကျ လက်နက်တပ်ဆင်နိုင်လောက်သော ယုံကြည်မှုရရှိရန် စနစ်တကျ စိစစ် ရွေးချယ်ထားပြီး ဖြစ်ခြင်း၊ (၄) ပတ်ဝန်းကျင်မှ အထောက်အကူပြုမည့် တပ်/ အဖွဲ့တည်ရှိခြင်းတို့ ဖြစ်ပါ တယ်။ (ဂ) ပြည်သူ့စစ်အဖွဲ့ဝင်က တည်ဆဲဥပဒေကို ကျူးလွန်၍ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားလာပါ ကရဲစခန်းမှ အရေးယူရန်အတွက် သက်ဆိုင်ရာနယ်မြေခံ တိုင်းစစ်ဌာနချုပ်၊ တပ်ရင်း/တပ်ဖွဲ့ များကို အသိပေး၍ နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း အရေးယူ ဆောင်ရွက် လျက်ရှိပါတယ်။ တပ်မတော်၏ ညွှန်ကြားချက်ရရှိပြီးမှ အရေးယူသည့် သီးခြား ဥပဒေမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးခွင့်ပြုမယ်ဆိုရင် စောစောက တင်ပြတဲ့အချက်ကလေး ပထမ မေးခွန်း လေရှီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး၏ မေးခွန်းနှင့်ပတ်သက်ပြီး နောက်ဆက်တွဲလေးတင်ပြလိုပါတယ်ခင်ဗျား။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ အမာခံစခန်းတွေ ဆောက်လုပ် ဖို့ တင်ပြခဲ့ခြင်းမရှိဘူးလို့ တင်ပြခဲ့ခြင်းဟာ လုပ်ဆောင်ရတဲ့ စစ်ဆင်ရေးအခြေအနေတွေအရ ပြောင်းရွှေ့နေရတဲ့အတွက် လိုအပ်ချက်အရ ဆောင်ရွက်ရန် မလိုအပ်သေးတဲ့အချက် (၂) ဘဏ္ဍာငွေ အခြေအနေကြောင့် တင်ပြခြင်းဖြစ်ပါတယ်။ စခန်းဆောက်လုပ်ရေးကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ် များသိရှိအောင် တင်ပြရမယ့်ဆိုရင် စခန်းဆောက်လုပ် ရေးကိစ္စဟာ လူထုရဲ့လုပ်အားကို ရယူမှုမပြုလုပ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း အမိန့် ထုတ်ပြန်ပြီးဖြစ်သလို ILO အဖွဲ့ကလည်း ဒီဟာကို မပြတ်စောင့်ကြည့်ပြီး ကျွန်တော်တို့နဲ့ ပူးပေါင်း ဆောင်ရွက် လျက်ရှိကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**လှိုင်းတာကျေးရွာရှိ အသုံးပြုခြင်းမရှိသည့် ဂုန်လျှော်ဂိုဒေါင်အား ကျေးရွာပိုင်အဖြစ် ဝယ်ယူနိုင် ရေးအတွက် ရောင်းချပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား လုံးစိတ်၏ချမ်းသာခြင်း၊ကိုယ်၏ ကျန်းမာ

ခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပေးပို့အပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ် လှိုင်းတာကျေးရွာတွင် ၁၉၇၂ ခုနှစ် က တည်ဆောက်အသုံးပြုခဲ့သော အလျား ၁၀၀ ပေ၊ အနံ ၅၀ ပေရှိသော ဂုန်လျှော်ဂိုဒေါင်သည် ယခု အချိန်တွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကြောင့် အမိုးကျောက်ပြားများမရှိခြင်း၊ တံခါးပေါက်များ ပျက်စီးခဲ့ပြီး ရွာတွင်အဆောက်အဦပျက် တစ်ခုအဖြစ် တည်ရှိနေသောကြောင့် ကျေးရွာပိုင်အဖြစ် ဝယ်ယူအသုံးပြုနိုင်ရန်အတွက် ရောင်းချပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသောကြောင့် ရိုသေလေးစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော်တင်ပြဖြေကြားသွားမှာဖြစ် ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ လှိုင်းသာကျေးရွာမှာ ဂုန်လျှော်အဝယ်ဒိုင်အဖြစ် အလျား ၁၀၀ ပေ၊ အနံ ၅၀ပေရှိတဲ့ သံမံတလင်းအခင်း၊ အုတ်ကြွပ်မိုး၊ အုတ်ကာအဆောက်အဦအား ၁၉၇၂ ခုနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေ တွင် အဆိုပါအဆောက်အဦမှာ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးယိုယွင်းနေပြီး ဌာနမှ လျှော်ဝယ်ယူသိုလှောင်မှုမရှိတော့သဖြင့် အသုံးပြုမှုမရှိတော့သော အဆောက်အဦဖြစ်ပါတယ်။ ဌာန အနေဖြင့် နှစ်ချုပ်စာရင်းတွင် တန်ဖိုးရှိ အဆောက်အဦဖြစ်ပါသဖြင့် ရောင်းချနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရဲ့ ၅-၄-၂၀၁၃ ရက်စွဲပါညွှန်ကြားချက်အမှတ် (၁/၂၀၁၃) နှင့်အညီ လေလံတင် ရောင်းချပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင် (သဲကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်အပ်ပါ တယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တို့ သဲကုန်းမြို့နယ်အတွင်းမှာရှိတဲ့ တောင်သူလယ်သမားများ အတွက် ယခုနှစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ကြိုးကြိုးစားစားဖြည့်ဆည်းပေးတဲ့အတွက် တောင်သူလယ် သမားများအားလုံးကလည်းပဲ ဝမ်းမြောက်ဝမ်းသာ ရှိလျက်ဖြစ်ပါတယ်။ ယခုကျွန်တော် တင်ပြမယ့် ဆည်ကလည်းပဲ ကျွန်တော်တို့ သဲကုန်းမြို့နယ်အတွင်းမှာရှိတဲ့ တောင်နဝင်း၊ မြောက်နဝင်း ရေမသောက်ရတဲ့ သဘာဝမိုးရေကိုသာ မှီခိုနေရတဲ့ မိုးကောင်းရေသောက် လယ်ယာမြေများ အတွက်ဖြစ်ပါတယ်။ ဒီကျွန်တော်တင်ပြတဲ့ ဆည်ဟာ ဝန်ထူးချောင်းပေါ်မှာတည်ရှိပြီးတော့ ပါလီမန်ဒီမိုကရေစီခေတ် မှာ တည်ဆောက်ပြီးတော့ တစ်ချိန် ပျက်စီးသွားပါတယ်။ အဲ့ဒီနောက်မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်မှာလည်း နောက်ထပ်အသစ်တစ်ခု ရေထိန်းဆည်တစ်ခု ထပ်ပြီးတည် ဆောက်ပေးပါတယ်။ ၎င်းဆည်ကလည်းပဲ ပျက်စီးသွားပါတယ်။ ဒါ့ကြောင့်မို့လို့ ၎င်းဒေသမှာရှိတဲ့ တောင်သူလယ်သမားများက ဆည်သစ်တစ်ခု ထပ်မံတည်ဆောက်ပေးဖို့ တင်ပြလာခြင်းဖြစ်ပါတယ်။ ဒီဆည်ကိုတည်ဆောက်ပေး မယ်ဆိုလို့ရှိရင် ရွှေပဲတောကျေးရွာ မှာရှိတဲ့ လယ်မြေ ဧက ၂၀၊ ရေစုပ်ပင်ကျေးရွာမှာရှိတဲ့ လယ်မြေ ၂၅ ဧကနှင့် အိုင်းကုန်း ကျေးရွာမှာရှိတဲ့ လယ်ဧက ၅၀ အပါအဝင် ကွင်းကြီးကျေးရွာမှာရှိတဲ့ လယ်ဧက ၃၀၀ စုစုပေါင်း စိုက်ပျိုးမြေဧက ၅၀၀ ကျော်ဟာ မိုးကောင်းရေသောက် ရေသွင်းစိုက်ပျိုးနိုင်မှာဖြစ်ပါ တယ်။ ဒီဆည်ကို ကျွန်တော့်အနေနဲ့ ကွင်းဆင်းကြည့်ရှုတဲ့အခါမှာလည်း တောင်သူလယ်သမားများ အတွက် အမှန်တကယ်အကျိုးပြုနိုင်တဲ့ ဆည်တစ်ခုဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ဒါ့ကြောင့် မို့လို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ထူးချောင်းဆည်ကို တည်ဆောက်ပေးရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့်လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်း ဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တင်ပြဖြေရှင်းသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းသည့်ဆည်မှာ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ပြဟ္မာအင်းကျေးရွာ အုပ်စု၊ ရွှေပန်းတောကျေးရွာအနီး ဝန်လူးချောင်းပေါ်တွင် တည်ဆောက်ထားပြီး ကျေးရွာမှ ထိန်းသိမ်း ထားသော ရေးလွှဲဆည်ဖြစ်ပါတယ်။ ဝန်လူးချောင်းသည် တောင်ကျချောင်းဖြစ် သည့်အပြင် သဲဖြူ ချောင်း၊ ကတွတ်ချောင်းနှင့် စမ်းချောင်းတို့ ပေါင်းဆုံစီးဆင်းနေတဲ့ ချောင်းဖြစ်သည့်အတွက် မိုးရာသီချောင်းရေကျချိန်မှာ ရေစီးကြမ်းသဖြင့် တည်ဆောက်ထား သည့် ရေလွှဲဆည်ပျက်စီးခဲ့ရခြင်း ဖြစ်ပါတယ်။ ရေထိန်းဆည်တည်ဆောက်မည့်နေရာဟာ အောက်ခံမြေသားသဲမြေဖြစ်ခြင်းကြောင့် ဆည်ခိုင်ခန့်မှုအားနည်းခြင်း၊ ဝန်လူးချောင်းသည် မိုးရာသီတွင်သာ ရေဝင်အားကောင်းပြီး ရေစီးသန် သော်လည်း နွေရာသီတွင် ရေထိန်းထားနိုင် မှုမရှိခြင်းနှင့် ဆည်တည်ဆောက်ပါက ကုန်ကျစရိတ်နှင့် ရရှိလာမည့်အကျိုးအမြတ် အချိုးတွက် ခြေကိုက်မှုမရှိခြင်းစသည့် အချက်များကြောင့် ရေထိန်းဆည် တည်ဆောက်ပေးရန် အစီအစဉ် မရှိပါကြောင်းနှင့် ပြဟ္မာအင်းကျေးရွာအုပ်စု၊ ရွှေပန်းတောကျေးရွာရှိ လယ်မြေများအား စိုက်ပျိုးရေ ရရှိနိုင်ရန် ဝန်လူးချောင်းပေါ်မှာ ကျည်ရွာတမံနှင့် ရေကြီးနစ်မြုပ်မှု ကာကွယ်နိုင်ရန် ဝန်လူးချောင်း သဲနုန်းတူးဖော်ခြင်းတို့ကို တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်နဲ့ ဆည်မြောင်းဦးစီးဌာနမှ နည်းပညာရယူကာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီး စီးခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်၏ ပဲမျိုးစုံစိုက်သော တောင်သူများအတွက် စိုက်ပျိုးစရိတ်တစ်ဧက(၇၀၀၀၀ိ)အထိ တိုးမြှင့်၍ ချေးပေးနိုင်မှု ရှိ/မရှိနှင့် ယခင်နှစ်များက စိုက်ပျိုးစရိတ်မကျေခဲ့ပါက နောင်နှစ်သီးနှံချိန်ရောက်မှ ချေးငွေပေးဆပ်ခြင်းကို လက်ခံပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ အောင်မြင်သာစံမဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ဖြစ်ပါတယ်။ အောင်မြေသာစံမဲဆန္ဒနယ် ဦးကိုကြီးရဲ့ ကိုယ်စား မေးခွန်းမေးမှာဖြစ်ပါတယ်။ ဦးကိုကြီး မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ မုံညှင်း၊ ဆီထွက်ပဲပုပ်နှင့် ပဲစေ့ငုံ၊ ပဲတီစိမ်း၊ မတ်ပဲစသည့် ပဲမျိုးစုံစိုက်သော တောင်သူများအတွက် စိုက်ပျိုးစရိတ် တစ်ဧက ၇၀၀၀၀ သောင်းအထိ တိုးမြှင့်၍ ချေးပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံစိုက်သော တောင်သူများအတွက် စိုက်ပျိုးစရိတ် တစ်ဧက ၇ သောင်းအထိ တိုးမြှင့်၍ ချေးပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံစိုက်သော တောင်သူများ၏ အခက်အခဲကို ညှာတာထောက်ထားသော အားဖြင့် ယမန်နှစ်က ချေးထားသော ပဲမျိုးစရိတ်ငွေမကြေခဲ့သော တောင်သူများအား နှောင်နှစ်သီးနှံပေါ်ချိန် မှ ချေးငွေပေးဆပ်ခြင်းကို လက်ခံနိုင်ခြင်း ရှိ/မရှိသိရှိလိုပါကြောင်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေး မြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား

ကျွန်တော် ပြန်လည်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မိုးစပါးသီးနှံတစ်ဧက ကျပ် ၅၀၀၀၀ နှုန်း၊ နွေစပါးသီးနှံတစ်ဧကလ ကျပ် ၈၀၀၀၀ နှုန်းနှင့် ယာသီးနှံတစ်ဧက ကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းချေးငွေ ကျပ် ၅၅၇.၈၅ ဘီလီယံ ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီး မိုးစပါးနှင့် နွေစပါးသီးနှံတစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်းနှင့် ယာသီးနှံတစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းသို့ တိုးမြှင့်ထုတ်ချေးပေးရန် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ စုစုပေါင်းချေးငွေ ကျပ် ၁၄၆၀ ဘီလီယံ ထုတ်ချေးရမည်ဖြစ်ရာ ယမန်နှစ်ကထက် စုစုပေါင်းချေးငွေ ရန်ပုံငွေ ၃ ဆခန့် တိုးတက်လာမည်ဖြစ်ရာ ဘဏ္ဍာငွေကန့်သတ်ချက်များ ရှိလာပါတယ်။ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ ထုတ်ချေးငွေများဟာ မြန်မာ့စီးပွားရေး ဘဏ်ရှိ အများပြည်သူများ စုဆောင်းငွေမှ ထုတ်ချေးပေးနေခြင်း ဖြစ်ပါတယ်။ ယခုနှစ် ယာသီးနှံကို ယခင် ကျပ် ၁၀၀၀၀ မှ ယခု ကျပ် ၂၀၀၀၀ နှုန်းသို့ တိုးမြှင့်ထားပြီးဖြစ်၍ တစ်ဧကလျှင် ကျပ် ၇၀၀၀၀ နှုန်းသို့ တိုးမြှင့်ထုတ်ချေးပေးနိုင်ခြင်း လောလောဆယ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် ထုတ်ချေးငွေများမှာ နှစ်ချင်းဆပ်နှစ်တိုးချေးငွေများ ဖြစ်ပါတယ်။ ဒေသအလိုက် စိုက်ပျိုးချိန် မတူညီမှု၍ သီးနှံပေါ်ချိန်များလည်း မတူညီမှုများ ရှိပါတယ်။ တောင်သူများရဲ့ ပေးဆပ်နိုင်မှုအရ ပြန်လည်ပေးဆပ်ရန်ကာလကို အနည်းဆုံး ၇ လမှ ၁၀ လ(တစ်နှစ်)အထိစောင့်ဆိုင်းကောက်ခံပေးလျက်ရှိပါတယ်။ ငွေကြေးလည်ပတ်မှုရှိစေရေးအတွက် ကြွေးသစ်ထုတ်ချေးရန်မှာ ကြွေးဟောင်းများ ပြေကျေရန် အထူးလိုအပ်ပါဆယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နည်းဥပဒေ အခန်း(၆) ပုဒ်မ ၂၉ အရ ဘဏ်ကထုတ်ပေးခဲ့သော မည်သည့်ချေးငွေကိုမဆို ချေးယူသူက အချိန်မှန်မှန်ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျှင် ဘဏ်သည် ယင်းပျက်ကွက်သူအား ချေးငွေသစ်များ ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ သို့ပါ၍ ယခင်နှစ်များက စိုက်ပျိုးစရိတ်မကျေခဲ့သော တောင်သူများအတွက် နောင်နှစ်ပေါ်လာမယ့် သီးနှံချိန်ရောက်မှ ချေးငွေပေးဆပ်ခြင်းကို

လက်ခံ၍ မရနိုင်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**မင်းတန်းအထက်တန်းကျောင်းခွဲမြစ်သား အ.ထ.က ခွဲနှင့် ပန်းညိုအ.လ.ကခွဲအတွက် ယခုစာသင်နှစ် အမီ ဖွင့်လှစ်၍ ကျောင်းဆရာများခန့်ထားပေးရန်နှင့် မြောင်မြို့နယ်အတွင်းရှိ သက်တမ်းကြာမြင့်စွာ ဖွင့်လှစ်ထားသော ကျောင်းများအား အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းငွေ၊ မြောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်စံမဲဆန္ဒနယ်)**။ ။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်အတွင်း (က) မင်းတန်းအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အတွက် အထက်တန်းပြ ၄ ဦးအား ခန့်ထားပြီး ဖြစ်ပါသည်။ (ခ) မြစ်သားအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် အထက်တန်းပြ ၄ ဦး ခန့်ထားပြီး ဖြစ်ပါသည်။ (ဂ) ပန်းညိုအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် အလယ်တန်းပြ ၆ ဦးနှင့်မူလတန်းပြ ၃ ဦး၊ စုစုပေါင်း ၉ ဦးအား မူလကပင် ခန့်ထားပြီးဖြစ်ရာ ဆရာ ပို/လို တွက်ချက်မှု အရ ဆရာလိုအပ်မှုမရှိပါသဖြင့် ထပ်မံခွဲဝေပေးရန် အစီအစဉ် မရှိပါကြောင်း တင်ပြအပ်ပါသည်။

မြောင်မြို့နယ်အတွင်းရှိ သက်တမ်းကြာမြင့်စွာ ဖွင့်လှစ်ထားသော (က) ရွာပုလဲ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ်သို့ ၁၉-၆-၂၀၁၃ ရက်နေ့ တွင် အဆင့်တိုးမြှင့်ပြီးဖြစ်ပါသည်။ (ခ) ဇရပ်ကုန်း အခြေခံပညာမူလတန်းကျောင်း

အား အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် ၁၉-၄-၂၀၁၃ ရက်နေ့တွင် အဆင့်တိုးမြှင့်ပြီး ဖြစ်ပါသည်။ (ဂ) ခေါင်းခွဲ(၁) အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် ၁၉-၄-၂၀၁၃ ရက်နေ့တွင် အဆင့်တိုးမြှင့်ပြီး ဖြစ်ပါသည်။ (ဃ) အုတ်နဲ့ဘုတ်အခြေခံပညာမူလတန်း လွန်ကျောင်းတို့အား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**စာသင်ကျောင်းများတွင် မူလတန်းအရွယ်မှ စတင်၍ နိုင်ငံတာဝန်ထမ်းဆောင်နေကြသူများ အပါအဝင် Good Citizens မြန်မာနိုင်ငံသားကောင်း အဓိဋ္ဌာန်ကို နေ့စဉ်ရွတ်ဆိုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကျော်စိုး၊ နတ်မောက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခေတ်တွေ၊ စနစ်တွေပြောင်းခဲ့ပြီးဖြစ်လို့ ယခုအခါ လွှတ်တော်အသီးသီးလည်း ပေါ်ပေါက်လာခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်းပဲ ပြည်သူက ရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များ အပြင် ပြည်သူအတွက် နိုင်ငံအတွက် တာဝန်ကျေပွန်အောင်လို့ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးအပါဝင်ပဲ နောက် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကလည်း ကြိုးစားဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံ ခေတ်သစ်စနစ်သစ်ကူးအပြောင်းမှာ အနာဂတ်အတွက် ပုံစံအသစ်ချမှတ်ဖို့ တာဝန်ကျေကျဖို့ လိုအပ်မှာလည်း ဖြစ်ပါတယ်။ အတိတ်ကမကောင်းတဲ့ အစဉ်အလာတွေကို သင်ခန်းစာယူခဲ့ပြီးတော့ အနာဂတ်အတွက် အကောင်းအဆုံးဖြစ်အောင် ဆောင်ရွက်ဖို့ လိုမှာလည်း ဖြစ်ပါတယ်။ ဒါကို အစိုးရအဆက်ဆက်ကလည်း ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြ တာကိုလည်း တွေ့ကြရမှာဖြစ်ပါတယ်။ ယနေ့အစိုးရသစ်လက်ထက်မှာလည်းပဲ နိုင်ငံတော်သမ္မတ ကြီးက

Good Governance ကောင်းမွန်သော အုပ်ချုပ်ရေးနဲ့ Clean Government သန့်ရှင်းသော အစိုးရဖြစ်ဖို့ ဦးတည်ပြီးတော့ ဘက်ပေါင်းစုံက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းဆောင်ရွက်နေတာကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ အထက်မှာ တင်ပြခဲ့သလို Good Governance၊ Clean Government ဖြစ်ဖို့ဆိုရင် ကျွန်တော်တို့ Good Citizens မြန်မာနိုင်ငံသားကောင်းတွေ ရှိဖို့ လိုမယ်လို့ ကျွန်တော်ယူဆပါတယ်။ Good Citizens မြန်မာနိုင်ငံသားကောင်းအတွေးအခေါ်တွေ ရှိကြဖို့ ကျွန်တော်တို့ တစ်တွေမှာ တာဝန်ရှိတယ်လို့လည်း ခံယူပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားကဒ် ရတဲ့သူတိုင်းဟာလည်း ဒီလို နိုင်ငံချစ် စိတ်ဓာတ်မျိုး၊ အတွေးအခေါ်မျိုးတွေ ရှိဖို့လိုအပ်မယ်လို့ ယူဆပါတယ်။ အရာရာမှာ မြန်မာနိုင်ငံကို ပထမဦးစားပေးတဲ့ မြန်မာနိုင်ငံသားဖြစ်ရေးဟာ အဓိကပဲလို့ ကျွန်တော်ယူဆပါတယ်။ ဒီလိုအတွေး အခေါ်မျိုးကို ငယ်စဉ်ကစပြီး မွေးမြူလေ့ကျင့်ပေးဖို့ လိုအပ်မယ်လို့လည်း ယူဆပါတယ်လို့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၃ မှာလည်းပဲ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက် ရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ယနေ့လူငယ်နောင်ဝယ်လူကြီး ဖြစ်တဲ့နေရာမှာ အမျိုးသား စည်းကမ်းအစ စာသင်ခန်းက စာသင်ကျောင်းကဆိုတဲ့အတိုင်းပဲ ငယ်စဉ်စာသင်ကျောင်းမှစတင်ပြီးတော့ အနာဂတ်ကို စိတ်ဓာတ်ကောင်း၊ ခံယူချက်ကောင်း၊ အမူ အကျင့်ကောင်း၊ ဓလေ့စရိုက်ကောင်း များဖြင့် မြန်မာနိုင်ငံသားကောင်း Good Citizens များဖြင့် ပြည့်ပသို့ ခံယူချက်စွဲမြဲသွားရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စာသင်ကျောင်းများမှာ မူလတန်းအရွယ်မှစတင်၍ နိုင်ငံတာဝန် ထမ်းဆောင်နေကြသူများအပါအဝင် ကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး မြန်မာလူမျိုးပီပီ မြန်မာ့သမိုင်းကောင်းမွန်ရေးအတွက် အဓိကတရား ကင်းပြီး မြန်မာနိုင်ငံသားကောင်းပီသစွာ ပြုမူပြောဆိုနေထိုင်လုပ်ကိုင်ဆောင်ရွက်ပါမည်လို့ အဓိဋ္ဌာန် ပြုပါသည်ဆိုတဲ့ Good Citizens မြန်မာနိုင်ငံသားကောင်းအဓိဋ္ဌာန်ကို နေ့စဉ် ရွတ်ဆိုနိုင်ရေးပြုလုပ် ပေးရန် အစီအစဉ် ရှိ/မရှိသိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ရိုသေလေးစားပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ နတ်မောက်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးရဲ့ စာသင်ကျောင်းများမှာ မူလတန်းအရွယ်ကစတင်ပြီး နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသူများ အပါအဝင်မြန်မာ့သားကောင်းအခန်းဌာနများကို နေ့စဉ် ရွတ်ဆိုပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ဦးအေးကြူတင်ပြဖြေကြားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူများ အတွေးအခေါ်ရင့်ကျက်ပြီး ဗလငါးတန်တိုးတက်စေရေး ယဉ်ကျေးလိမ္မာသော၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သော၊ အသက်မွေးမှုအတတ်ပညာများကို တတ်မြောက်သော၊ ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ကျင့်သုံးတတ်တဲ့ နိုင်ငံ့သားကောင်းများဖြစ်ပေါ်လာစေရေး အတွက် ကျောင်းများမှာ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်က စတင်ပြီး အခြေခံပညာကျောင်းများမှာ ကင်းထောက်လူငယ်များ လေ့ကျင့်ဖွဲ့စည်းပေးပြီး အများအကျိုးအတွက် အဆင်သင့်လုပ်ဆောင်တတ်စေရေး၊ ကောင်းမှုတစ်ခု နေ့စဉ်ပြုတတ်စေရေး၊ လူတစ်ယောက်ရဲ့ အမြင့်ဆုံးသော ဂုဏ်သိက္ခာဟာ ယုံကြည်ရမှုပင်ဖြစ်တယ်ဆိုတဲ့ ခံယူချက်ကောင်း များနဲ့ ကင်းထောက်လှုပ်ရှားမှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ အခြေခံပညာအဆင့်ဆင့်ကနေ ကျောင်းသားကျောင်းသူများ ဒီမိုကရေစီအလေ့အကျင့်ကောင်းများ အမြစ်တွယ်လာစေရေးအတွက် ကျောင်းကောင်စီအလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရာမှာ ထင်သာမြင်သာရှိပြီး လွတ်လပ်တဲ့ တရားမျှတတဲ့ ရွေးချယ်တင်မြှောက်ရေးနည်းလမ်းများကို ပြုပြင်ဆင် ရေးဆွဲကျင့်သုံးပေးလျက်ရှိပါတယ်။ တိုင်းသူပြည်သားကောင်း၊ နိုင်ငံ့သားကောင်းဆိုတဲ့အဓိပ္ပာယ်ကို အကျဉ်းအားဖြင့် ဖွင့်ဆိုရမည်ဆိုပါက အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ ဗဟုသုတများပြားခြင်း၊ ကျန်းမာခြင်း၊ မိမိအတွက်သာ

မဟုတ် အခြားသူများအတွက် ဆောင်ရွက်လိုစိတ်ရှိတဲ့ ကိုယ်ချင်းစာ တရားထားရှိတဲ့ အခြေခံအရည်အချင်းများနဲ့ ပြည့်စုံတဲ့သူများကို နိုင်ငံ့သားကောင်းများဟု သတ်မှတ်ရန် ဖြစ်ပါတယ်။ သို့ပါ၍ အခြေခံပညာကျောင်းများမှာ စာရိတ္တမောင်များ၊ စာရိတ္တမယ်များ ပေါ်ထွက်လာရေးအတွက် ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူများ ချီးမြှောက် ရေးစတဲ့ နိုင်ငံ့သားကောင်းဖြစ်စေရေး အလေ့အကျင့်ကောင်းများ လေ့ကျင့်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျောင်းများမှာ နိုင်ငံတော်သီချင်းသီဆိုခြင်း မြန်မာ့ကျောင်းသီချင်း၊ ဇာတိမာန်သီချင်း သီဆိုခြင်းဖြင့် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး အရည်အသွေး ကောင်းများ မြှင့်တင်ပေးလျက် ရှိပါတယ်။ ကျောင်းများမှာ ကျောင်းအုပ်ကြီးများအပါအဝင် ဆရာဆရာမ၊ ကျောင်းသူ/ကျောင်းသား များအားလုံး နေ့စဉ် ရွတ်ဆိုနေကြရတဲ့ အောက်ဖော်ပြပါ ကျောင်းကောင်စီကတိသစ္စာ ၄ ချက်ဟာ လည်း နိုင်ငံ့သားကောင်းဖြစ်စေရေး ဦးတည်ချက်များပါဝင်ကြောင်း တင်ပြအပ်ပါတယ်။ (က) မိမိကိုယ်ကိုယ်ကောင်းအောင် ကြိုးစားမည်၊ (ခ) မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ (ဂ) မိမိ ကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ (ဃ) မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်ဆိုတဲ့ အချက်များ ဖြစ်ပါတယ်။ အထက်ဖော်ပြပါ ကတိသစ္စာ ၄ ချက်ဟာ ကျောင်းသားလူငယ်များအတွက် အလွန်ထိရောက်မှုရှိတဲ့ သစ္စာအဓိဋ္ဌာန်များဖြစ်ပြီး နေ့စဉ်ရွတ်ဆိုလျက်ရှိပါကြောင်း တင်ပြဖြေ ကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နား ပါမယ်။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဆရာ ဆရာမ အခက်အခဲ အလွန်ဖြစ်နေသော ကျေးရွာ ကျောင်းများတွင် ၁၀ တန်းကျ လူထုခန့်ဆရာ ဆရာမ များအား အထွေထွေလုပ်သားအဖြစ် ခန့်ထားပေးနိုင် ခြင်း ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး လွှတ်တော်ဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် များပြားတဲ့အတွက် ကျန်ရှိတဲ့အပိုင်းကို ဥက္ကဋ္ဌကြီးရဲ့ကိုယ်စား ကျွန်တော်ကပဲ ခေတ္တ ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ဒါ့ကြောင့်မို့လို့ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် တနင်္သာရီနယ်မှ ဦးစိုင်းထွန်းဝင်းက နေပြီးတော့ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဝင်း(တန့်ယန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ အားလုံးကို လေးစားပါကြောင်းဂါရဝတရားရှေ့ထား၍ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင် တစ်ဦး လည်းဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့ တန့်ယန်းမြို့နယ်မှာရှိတဲ့ ကျေးရွာ တချို့ဟာ ကိုယ်ထူကိုယ်ထကျောင်း၊ တွဲဖက်ကျောင်း စသည်တို့ကိုဖွင့်လှစ်သင်ကြားခဲ့ရာ တစ်ချို့ ကျေးရွာကျောင်းသားမိဘများဟာ ပညာရေးကို အားပေးတတ်ပြီး တွဲဖက်ကျောင်း၊ ကိုယ်ထူကိုယ်ထ ကျောင်းမှတစ်ဆင့် တန့်ယန်းနိုင်ငံတော် ပညာရေးဌာနမှ အစိုးရအသိအမှတ်ပြု မူလတန်းကျောင်း အဆင့် ဖွင့်ခွင့်ရရှိနေပြီဖြစ်ပါတယ်။ သို့သော်ကျောင်းများမှာ တိုင်းရင်းသားဘာသာ ရှမ်းစာပေ၊ မြန်မာ စာပေ ၂ မျိုးတွဲဖက်ပြီးတော့ သင်ကြားပေးတတ်တဲ့ ဆရာဆရာမ ၁ ဦးကို လူထု၏အကူအညီထောက်ပံ့ ငွေဖြင့် သင်ကြား ပေးနေရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၅-၂-၂၀၁၃ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြခဲ့ရာ၌ မသင်မနေရမူလ တန်းပညာရေးစနစ် ကျင့်သုံးရန်ဦးတည်နေသော ကျွန်တော်တို့မြန်မာနိုင်ငံမှာ တွဲဖက်ကျောင်း၊ မူလွန် ကျောင်းနှင့် ဘုန်းတော်ကြီးစာသင်ကျောင်းများတွင် ရပ်ရွာပြည်သူလူထုငွေကြေးဖြင့်

ခန့်ထားသော ဆရာဆရာမများအား စိစစ်၍ထောက်ပံ့မှုနှင့် ချီးမြှင့်ငွေကို လာမည့် ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ပေး နိုင်ရေးကို ဆောင်ရွက်ပေးဖို့မိန့်ကြားခဲ့သည်ကို ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုမိပါတယ်။ သို့ဖြစ်သည့်အတွက် ကျေးရွာပညာရေး မူလတန်းကျောင်းများအတွက် အထွေအထွေလုပ်သား၊ ဘွဲ့ရဆရာဆရာမ များမရရှိနိုင်ပါသဖြင့် ဆယ်တန်းကျလူထုခန့်ဆရာဆရာမများအား အထွေအထွေလုပ်သားအဖြစ် တရားဝင်ခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက ယခုဘဏ္ဍာရေးနှစ်၌ ခန့်ထားပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ရိုသေ လေးစားပါကြောင်း တင်ပြအပ်ပါတယ်။ တနင့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းဝင်းရဲ့ ဆရာဆရာမများအခက်အခဲ အလွန်ဖြစ်နေသော ကျေးရွာကျောင်းများမှ ဆယ်တန်းကျလူထုခန့် ဆရာဆရာမများအားအထွေထွေ လုပ်သားအဖြစ် ခန့်ထားပေးနိုင်ရန် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ကျွန်တော်ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်တင်ပြဖြေကြားမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အထွေထွေ လုပ်သားသည် ဘွဲ့ရဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းမရှိဘဲ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တက္ကသိုလ်ဝင်တန်း မအောင်မြင်သူများကို အောက်ခြေဝန်ထမ်း ရာထူးနေရာများသို့ လျှောက်ထားခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အထွေထွေလုပ်သား ရာထူးနေရာအတွက် အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်မြင်သည့် အမျိုးသားများကိုသာ လျှောက်ထားခွင့်ပြုထားပါ တယ်။ ဒီလိုလျှောက်ထားခွင့်ပြုရတဲ့အကြောင်းရင်းကတော့ အမျိုးသားဆရာများ နည်းပါးနေတဲ့အတွက် အမျိုးသားအထွေထွေလုပ်သားများအား လုပ်သက် ၂ နှစ် ပြည့်သည့်အခါ မူလတန်းဆရာဖြစ် စာပေးစာယူသင်တန်းကို တက်ရောက်စေပြီး အမျိုးသားကျောင်းဆရာများအဖြစ်

ဖြည့်ဆည်း ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ဆရာဆရာမ အပါအဝင် အောက်ခြေဝန်ထမ်း စုစုပေါင်းလစ်လပ်ဦးရေမှာ ၂၇၅၅ ဦးဖြစ်ပြီးတော့ စာမေးပွဲ အလုပ်ဝင်ရောက်ချင်တဲ့ စာမေးပွဲသတ်မှတ်ချက်နှင့်ညီတဲ့ ဖြေဆိုသူပေါင်းဟာ ၃၄၁၄ ဦး ရှိပါတယ်။ ခန့်မှာထက် ဖြေဆိုသူဦးရေများတဲ့အတွက် လစ်လပ်ရာထူး အရေအတွက်ထက် ပိုမိုနေတဲ့အတွက် တန့်ယန်းမြို့နယ်အတွင်း လစ်လပ် အထွေထွေလုပ်သားနေရာများအား တက္ကသိုလ်ဝင်တန်း ၁၀ တန်း ကျအမျိုးသားများကို လောလောဆယ်အခြေအနေအရ ခန့်ထားပေးနိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင် အမျိုးသားများ အထွေထွေလုပ်သားနေရာမှာ ခန့်ထားနိုင်ခြင်းမရှိလျှင်လည်း တက္ကသိုလ်ဝင်တန်းအောင်တဲ့ အမျိုးသမီးများအား ချွင်းချက်ဖြင့် ဖြည့်ဆည်းခန့်ထားပေးရန်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျား။ တစ်ဆက်တည်းပဲ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အောက်ခြေ ဝန်ထမ်းများနှင့် ဆရာလိုအပ်တဲ့ မြို့နယ်အလိုက် သွားရေးလာရေးလမ်းပန်းခက်ခဲတဲ့ နေရာမှာတည်ရှိတဲ့ကျောင်းများအတွက် ဆရာဆရာမများကို ဖြည့်ဆည်းခန့်ထားရေးအတွက် ဆောင်ရွက်နေမှု အခြေကို အကျဉ်းမျှတင်ပြခွင့်ပြုပါခင်ဗျား။ ဆရာလိုအပ်တဲ့ ကျောင်းများအနေနဲ့ တစ်ပြည်လုံးမြို့နယ် ၃၃၀ ရှိပါ တယ်ခင်ဗျား။ မြို့နယ် ၃၃၀ မှာ ဝေးလံဒေသ၊ နယ်စပ်ဒေသမြို့နယ်များလိုအပ်သလို ပြည်မအတွင်းရှိ တဲ့မြို့နယ်များမှာလည်း အားလုံးယေဘုယျခြုံငုံသုံးသပ်လို့ရှိရင် မြို့နယ်တစ်ခုချင်းစီမှာ ကျွန်တော်တို့ ကျောင်းတည်နေရာအဆင့် အဆင့် ၅ ဆင့် သတ်မှတ်ထားပါတယ်ခင်ဗျား။ တင်ပြပါအတိုင်း A အဆင့် ကတော့ မြို့ပေါ်ကျောင်းများ ဖြစ်ပါတယ်ခင်ဗျား။ မြို့နယ်ပညာရေးရုံးက မိနစ် ၃၀ ခန့်အတွင်း သွားနိုင်လာနိုင်တဲ့ ကျောင်းများသည် မြို့ပေါ်ကျောင်းများကို A အဆင့် သတ်မှတ်ပါတယ်ခင်ဗျား။ B အဆင့်ကတော့ မြို့နယ်ပညာရေးမှူးရုံးတည်ရှိရာနေရာ ကနေပြီးတော့ နေ့ချင်းပြန်သွားနိုင်ပါတယ်။ ကားလမ်း၊ ရထားလမ်းဘေးမှာ သွားရေးလာရေးလွယ်ကူတဲ့ကျောင်းများ ၁ နာရီထက်အချိန်ပိုမပေး ရတဲ့ကျောင်းများကို B အဆင့်သတ်မှတ်ထားပါတယ်။ C အဆင့်ကတော့ ကားလမ်း၊ ရထားလမ်းဘေး မှာအတွင်းပိုင်းကို ၁ မိုင် ၂ မိုင် စသည်အားဖြင့် လမ်းလျှောက်ဝင်ရတယ်၊ ခက်ခဲတယ်။ နေ့ချင်း ပြန်တော့ သွားနိုင်တဲ့ကျောင်းများကို C အဆင့်သတ်မှတ်ပါတယ်။ ဒီ ABC အဆင့်သတ်မှတ်တဲ့ကျောင်း များအများစုမှာတော့ အနေအထားက ဆရာ၊ ကျောင်းသား အချိုး

သည် အများစုကပိုနေပါတယ်။ လိုတာမရှိသလောက်ရှိပါတယ်။ နောက်ဒုတိယ D အဆင့်က တော့ မြို့နယ်ပညာရေးရုံးက နေ့ချင်းပြန် သွားနိုင်သော်လည်း စရိတ်စကများပြားခြင်း၊ C အဆင့်သတ်မှတ်တဲ့ ကျောင်းများရဲ့ သွားရေးလာရေး ခက်ခဲခြင်း၊ ကျောင်းပိတ်ရက်များမှာသာ မြို့ပေါ်မြို့နယ်ပညာရေးမှူး ပြန်လာနိုင်တဲ့ကျောင်းများကို D အဆင့် သတ်မှတ်ပါတယ်။ E အဆင့်ကတော့ ၁ လ တစ်ကြိမ်ပြန်ဖို့တောင်ခက်ခဲပါတယ်။ ဒီလိုအစွန် အဖျားမြို့နယ်အလိုက် ရှိတဲ့ကျောင်းများကို E အဆင့်သတ်မှတ်ထားပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံ လုံးအတိုင်း အတာနှင့် ဆရာလိုအပ်တဲ့ကျောင်းများကို မြို့နယ်အလိုက် D နေရာ E နေရာမှာတည်ရှိတဲ့ ကျောင်းများရဲ့ ဆရာလိုအပ်ချက်များကို တွက်ချက်ပြီးမှ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သတင်းစာမှာ ကြေညာပြီးတော့ အလုပ်ခန့်ထားရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ ခြင်းဖြစ်ပါတယ်။ ပြည်နယ်နှင့်တိုင်း ကျွန်တော်တို့ နေပြည်တော်အပါအဝင် ပဲခူးအရှေ့အနောက်၊ ရှမ်းအရှေ့တောင်မြောက် ခွဲတဲ့အတွက် ၁၈ ခုရှိပါတယ်။ အားလုံး Dအဆင့် E အဆင့် စုစုပေါင်းကျောင်းပေါင်းဟာ ၁၆၆၆၅ ကျောင်းရှိပါတယ် ခင်ဗျား။ အဲ့ဒီ ၁၆၆၆၅ ကျောင်းမှာ စာသင်ခန်းဆရာကျောင်းသားအချိုးက လိုအပ်တဲ့ဆရာ အရေအတွက်က ၂၂၄၈၈ ယောက်ဖြစ်ပါတယ်။ ကျွန်တော်တို့ပညာရေးကောလိပ်စုစုပေါင်း ၂၀ က သင်တန်းဆင်းရင် တစ်နှစ် ၅၀၀၀ ဝန်းကျင်သာဆင်းနေတဲ့အတွက် ဒီ ၅၀၀၀ ဝန်းကျင်ဟာ ABC တည် နေရာရှိတဲ့ကျောင်းများကို အထူးသဖြင့် C နှင့် ကျောင်းများကို ခန့်ထားပေးမှာဖြစ်ပါတယ်။ မလုံလောက်တဲ့အတွက် ကျွန်တော်တို့ လောလောဆယ် ကျောင်းအဆင့်တိုးမြှင့်ခြင်းတွေ၊ ကျောင်း အသစ်ဖွင့်လှစ်ခြင်းတွေရှိတဲ့အတွက် ၂၂၄၈၈ ယောက်ကို ဘွဲ့ရဆရာဆရာမ နေ့စားလပေးပထမ အဆင့်ခန့်ပြီးတော့ အနီးကပ်သင်တန်း ၁ လတက်ရောက်ပြီးတော့မှ ကျွန်တော်တို့ အမြဲတမ်းခန့်ဖို့ စီစဉ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုအပ်တဲ့ ၂၂၄၈၈ ယောက်အပြင် အောက်ခြေဝန်ထမ်း ဓာတ်ခွဲခန်း ကျွမ်းကျင်အပါအဝင် အားလုံးအောက်ခြေ ဝန်ထမ်း ၁၁ မျိုးရှိပါတယ်ခင်ဗျား။ အထွေထွေလုပ်သား အဆုံး။ အဲ့ဒီ ၁၁ မျိုးက ယခင်အနေ အထားတော့ တိုင်းပြည်ရဲ့ဘတ်ဂျက်လိုအပ်ချက်အရ ကျွန်တော်တို့ ဝန်ထမ်းဖွဲ့စည်းပုံ ၇၀ ရာခိုင်နှုန်းထက်လျော့နည်းမှသာ ခန့်ခွင့်ရှိသော်လည်း ပညာရေးဝန်ကြီးဌာန အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အားလုံးလစ်လပ်တဲ့ရာထူးများကိုခန့်ခွင့်ပေးလိုက်ပြီဖြစ်တဲ့အတွက် လစ်လပ်ရာထူးအားလုံး ၁၁ မျိုးဟာ စုစုပေါင်း ၂၅၅၈၈ ယောက်ရှိပါတယ်။ ဒီ ၂၅၅၈၈

ယောက်နဲ့ ပထမဦးဆုံးကျွန်တော်တင်ပြတဲ့ မူပြဆရာမလိုအပ်တဲ့ ၂၁၄၈၈ ယောက် စုစုပေါင်းဆိုရင် ကျွန်တော်တို့ ၄၈၀၇၆ ယောက်ကို ခန့်ထားဖို့အတွက် ယခုစာသင်နှစ် အမှီခန့်ထားဖို့အတွက် စီစဥ်ဆောင်ရွက်လျက် ရှိကြောင်း ကောက်နုတ်တင်ပြအပ်ပါတယ်။ ဒီ ၄၈၀၇၆ နေရာကို ဝင်ရောက်အလုပ်ဝင်ချင်တဲ့အတွက် ဖြေဆိုတဲ့စုစုပေါင်းဟာ မူပြအဆင့် ဘွဲ့ရအားလုံးဟာ ကျား၊မစုစုပေါင်း ၁၂၀၀၀၀ ကျော်ရှိပြီးတော့ အောက်ခြေဝန်ထမ်းအားလုံး ယနေ့တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မြို့နယ်အလိုက် ကျွန်တော်တို့ဧပြီ ၉ ရက်နေ့မှာ ဖြေဆိုတဲ့ ဥစ္စာ ၂၁၃၇၄၆ ယောက်ရှိပါတယ်။ ကျွန်တော်တို့ခန့်နိုင်မှာက ၄၀၀၀၀ ကျော်ဖြစ် တဲ့အတွက် အောက်ခြေဝန်ထမ်း ၁၁ မျိုးအတွက်က ၂၅၅၈၈ ဦးပါ။ ဒီ E အဆင့်ဆရာလစ်လပ်အတွက် ၂၂၄၈၈ ဦးစုစုပေါင်း ပထမအဆင့်အနေနဲ့ခန့်မယ့်အင်အားက ၄၈၇၆၂ ဦးဖြစ်ပါတယ်။ ဖြေဆိုတဲ့ ဦးရေကတော့ အောက်ခြေဝန်ထမ်း ၁၁ မျိုးအတွက် ၈၇၉၅၇ ဦးဖြေဆိုပါတယ်။ မူပြအတွက် နေ့စား လပေး ပထမအကြိမ်ခန့်ဖို့အတွက် ဖြေဆိုသူ ဘွဲ့ရစုစုပေါင်း ၁၂၅၇၈၉ ဖြေဆိုသူ ၁၂၀၀၀၀ ကျော်မှာ ခန့်နိုင်တဲ့အင်အားက ၄၈၀၀၀ ဖြစ်တဲ့အတွက် ဖြေဆိုသူရဲ့ ၂၂ ရာခိုင်နှုန်းကို ခန့်ပေးသွားမှာ ဖြစ်ကြောင်း ဆောင်ရွက်မှုအခြေနေအကျဉ်းကို တင်ပြအပ် ပါတယ်။ ဒီနေရာမှာလည်း ဆရာ ဆရာမခန့်ထားတဲ့အတွက် သတင်းစာမှာ တရားဝင်ကြေညာ တဲ့အခါမှာ ဆရာဆရာမဆောင်ရွက်မယ့် အတွက် ဘွဲ့ရအားလုံးက မည်သည့်ဘွဲ့မဆိုလက်ခံ ထားပါတယ်။ ဒုတိယကတော့ အကြောင်းကြောင်းနဲ့ အောက်ခြေဝန်ထမ်းများ ဝန်ကြီးဌာန ပေါင်းစုံမခန့်ဖြစ်တဲ့အတွက် အသစ်များကျော်လွန်တာရှိတဲ့ အတွက် ကျောင်းဖွင့်ရက်ဖြစ်တဲ့ ဇွန် ၃ ရက်မှာ အသက် ၄၀ နှစ်အထိ ဖြေလျော့ပေးထားပါတယ်။ နောက် တတိယအချက်ကတော့ မြို့နယ်အလိုက် တန်းစီဇယားတွေကို မြို့နယ်ဒေသခံတွေကို ခန့်ထား ရေးအတွက် စီစဥ်ဆောင်ရွက်လျက်ရှိကြောင်း အကျဉ်းမျှရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ဆက်လက် ပြီးတော့ တင်ပြရမယ်ဆိုလို့ရှိရင် ဆရာ ဆရာမများခန့်ထားရေးအတွက် နေ့စားလပေးအားလုံး ခန့်ထားတဲ့အခါမှာ မြို့နယ်ခွဲ ၁၁၉ ခုရှိပါတယ်။ ကူးလာမှု ဆက်သွယ်မှုခက်ခဲတဲ့အတွက် အဲဒီနေရာ များအတွက် ချွင်းချက်အနေနဲ့ ဘွဲ့ရမဟုတ်သော်လည်း ၁၀ တန်းအောင်ကိုဖြေခွင့်ပြု ထားပါတယ်။ ဒီ ၄၀၀၀၀ ကျော်ခန့်ပြီးရင်လည်း အဆင့်ဆင့်ကျောင်းများအဆင့်တိုးခြင်း၊ အသစ်ဖွင့်လှစ်ခြင်း ဖြစ်တဲ့ အခါမှာ မြို့နယ်အလိုက် တစ်ပြည်လုံးရဲ့ ဖြေဆိုထားတဲ့ ဝန်ထမ်းအားလုံးရဲ့ တန်းစီဇယားသည် ဆက်လက်အသုံးပြုမှာဖြစ်ပြီးတော့ ဆက်လက်ခန့်သွားမှာ

ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တွက်မယ်ဆိုရင်တော့ ဒီစာရင်းဇယားအရ ဘွဲ့ရအလုပ်လက်မဲ့ အလုပ်လိုချင်သူ အားလုံးသည် ပြည်ထောင်စုချုပ် အနေနဲ့ ၁၂၀၀၀၀ ရှိကြောင်းစိစစ်ကောက်နုတ်တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ အလုပ်လက်မဲ့ ဦးရေလျှော့ပါးရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ပါးရေးအပါအဝင် ကျောင်းများမှာ ဆရာများဖြည့်ဆည်း ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။ ဒုတိယဝန်ကြီးရှင်းလင်းပေးတဲ့အတွက် ကြားရတဲ့ ပုဂ္ဂိုလ်များလည်း မျှော်လင့်အားထားစရာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ခေတ် ကတော့ ခုန ဒုတိယ ဝန်ကြီးပြောခဲ့သလိုပဲ ဆင်းရဲနွမ်းပါးမှုကို လျှော့ချလို့ရသလို ပညာရေးကို လည်း မြှင့်တင်လို့ရပါတယ်။ ကျွန်တော်တို့ အများနားလည်ထားတဲ့အတိုင်းပဲ ၂၀ ရာစုခေတ်က Take of Enelizet ဖြစ်ပါတယ်။ ဒီကနေ့ ၂၁ ရာစုခေတ်ကတော့ ပညာခေတ် Age of Knowledge ဖြစ်ပါတယ်။ ဒီပညာခေတ်ကြီးမှာ ပညာရေးကို ခုလိုမျိုး စောင်းပေးပြီးတော့ အားပေးကူညီပေးနေတဲ့အတွက် ခုလိုမျိုးကြားသိရတဲ့ အတွက် ပညာရေးဝန်ကြီးဌာနကို ကျေးဇူးလည်းတင်ပါတယ်။ အားလည်းကိုးပါတယ်ခင်ဗျား။

**ပညာရေးဝန်ကြီးဌာန၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ဖြေကြားချက်များအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် ပါဝင်မှုမရှိခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ နမ့်စန်မဲဆန္ဒနယ်က ဦးဌေးလွင် မေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဦးဌေးလွင်(နမ့်စန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါ စေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေ နဲ့ ကိုယ်စားလှယ်တွေ မေးထားတဲ့မေးခွန်းတွေအပေါ်မှာ ဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေး

ခဲ့တဲ့ ကတိကဝတ်ဖြစ်ပြီးသား လုပ်ငန်းတွေအပေါ်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းထဲမှာ ထည့်သွင်းဖော်ပြထားခြင်း မရှိသေးတဲ့အတွက် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု အမှတ်(၁)ကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းဥပတိရုပ်မကောင်းပါသဖြင့် ပြုပြင်ပေးနိုင်ရန် သို့မဟုတ် အသစ်တည်ဆောက်ပေးရန် မေးမြန်းခဲ့ပါတယ်။ ကျွန်တော့်ရဲ့ မေးမြန်းချက်အပေါ်မှာ ပညာရေးဝန်ကြီးဌာနကနေပြီးတော့မှ ပြန်လည်ဖြေကြားခဲ့သည့်မှာ နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု အမှတ်(၁)ကျေးရွာ ဝမ်ပုံအခြေခံ မူလတန်းကျောင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတွင် ထည့်သွင်းလျာထားပြီးသား လို့ ဖြေကြားထားပါတယ်။ ဒီဖြေကြားချက်မှာ နည်းနည်းလေးလွဲနေတာက ကျွန်တော်မေးမြန်းထားတာက ဝမ်ပုံကျေးရွာအုပ်စု အမှတ်(၁)ကျေးရွာ အခြေခံမူလတန်းကျောင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနက ဖြေထားတာက ဝမ်ပုံကျေးရွာအုပ်စု အမှတ်(၁)ကျေးရွာ ဝမ်ပုံအခြေခံပညာမူလတန်းကျောင်း လို့ ဖြေကြားထားပါတယ်။ အမှတ်(၁)ကျေးရွာမှာ ဝမ်ပုံအခြေခံပညာမူလတန်းကျောင်း မရှိပါဘူး။ ဝမ်ပုံ ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာမှာသာလျှင် အခြေခံပညာမူလတန်းကျောင်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးရဲ့အဖြေဟာ ကျွန်တော်မေးမြန်းထားတဲ့ ဝမ်းပုံကျေးရွာအုပ်စု အမှတ်(၁)ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ပြန်လည်ဖြေကြားပေးထားတာလို့ ယူဆပြီးတော့ ဒီမေးခွန်းကို မေးတာပါ။ နောက် ဒုတိယအချက်အနေနဲ့ဆိုရင် နမ့်စန်မြို့နယ် မြို့မအထက်တန်းကျောင်းမှာလိုအပ်နေတဲ့ သိပ္ပံဓာတ်ခွဲ ခန်းနှင့် လက်တွေ့ခန်းအတွက် ပေ ၉၀ × ပေ ၃၀ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်အဖြစ် တင်ပြ မေးမြန်းထားပါတယ်။ ဒီအပေါ်မှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားထားတာက နမ့်စန်မြို့နယ် မြို့မအခြေခံပညာအထက်ကျောင်းအတွက် လိုအပ်နေသော ကျောင်းစာကြည့်တိုက်၊ သိပ္ပံလက်တွေ့ခန်းအတွက် ပေ ၉၀ × ပေ ၃၀ အုတ်ညှပ်နှစ်ထပ် အဆောက်အဦဆောက်လုပ်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းထဲမှာ လျာထားပြီးသားပါလို့ ပြန်လည်ဖြေကြားထား ပါတယ်။ ဒီဖြေကြားချက်ကို ကျွန်တော်တို့ ငွေလုံးငွေရင်းဘဏ္ဍာရေးစာအုပ်ထွက်လာတဲ့အခါမှာ ကြည့်တဲ့အချိန်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းဖော်ပြထားခြင်းမရှိပါဘူး။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့အသံကို နားထောင်ပြီး ပြည်သူတွေရဲ့ လိုအင်ဆန္ဒ

တွေကို ဖြည့်ဆည်းဖို့အတွက် ကျွန်တော်တို့က မေးမြန်းရခြင်း ဖြစ်ပါတယ်။ အဲ့ဒီမေးမြန်းချက် အပေါ်မှာလည်း ပြည်ထောင်စုဝန်ကြီးတွေရဲ့ ဖြေကြားချက် ကတိကဝတ်တွေကို ပြည်သူတွေ အပေါ်မှာ ပြန်လည်ချပြတဲ့အခါမှာ ပြည်သူတွေဟာ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဒါပေမယ့် လည်း ဒီလိုချပြပြီးတဲ့အချိန်ကျမှ ငွေလုံးငွေရင်းဘဏ္ဍာငွေထဲမှာ မပါလာတဲ့အခါကျတော့ ကျွန်တော်တို့ လွှတ်တော်အပေါ်ရော၊ အစိုးရ အပေါ်မှာရော၊ ပြည်သူတွေရဲ့ယုံကြည်မှုဟာ ကင်းမဲ့သွားနိုင်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးခွန်း နံပါတ်(၁)အနေနဲ့ ပညာရေးဝန်ကြီးဌာနကနေပြီးတော့မှ ကတိကဝတ်ပြု ထားတဲ့ မေးခွန်းတွေ အပေါ်မှာ ပြန်လည်ဖြေကြားပြီး ကတိကဝတ်ဖြစ်တဲ့ လုပ်ငန်းဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ် ငွေလုံးငွေရင်းထဲမှာ လျာထားခြင်းမရှိသေးတဲ့ လုပ်ငန်းတွေကို မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ပေးမည်ကို သိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် မရှိဘူးဆို လျှင် ဘာကြောင့် အစီအစဉ်မရှိဘူးဆိုတာလည်း သိရှိလို၍ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ဆက်လက်ပြီး ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်၊ နမ့်စန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်ရဲ့ မေးခွန်းကို တင်ပြဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘတ်ဂျက်စာရင်းဇယားများအရ အမှတ်(၂) အခြေခံ ပညာဦးစီးဌာန ကွပ်ကဲမှုအောက်မှာရှိပါတယ်ခင်ဗျား။ အဲ့ဒီကွပ်ကဲမှု အောက် ငွေလုံးငွေရင်း စာရင်းဇယားများကို ပြန်လည်စိစစ်တဲ့အခါမှာ အမှတ်စဉ် (၁၁၆၂) မှာ အ.ထ.က နမ့်စန် ပေ ၉၀ × ပေ ၃၀ အုတ်ညှပ်တစ်ထပ် သိပ္ပံဆောင်အသစ်ဆောက်လုပ်ခြင်း အတွက် ၃၂.၄ သန်းသည် ခွင့်ပြုတဲ့အထဲ ပါပြီးဖြစ်တဲ့အကြောင်း ပထမအချက်အနေနဲ့ တင်ပြအပ်ပါတယ်။ ဒုတိယကတော့ ကျောင်းနံပါတ် မှားယွင်းတဲ့ကိစ္စဖြစ်ကောင်းဖြစ်ပါမယ်။ ဒုတိယအနေနဲ့တော့ အမှတ်စဉ် (၄၀/၄၁၇)မှာ မူလွန်ဝမ်ပုံ ပေ ၉၀ × ပေ ၃၀ အုတ်ညှပ် တစ်ထပ်ဆောင် ရှမ်းတောင်(နမ့်စန်) ၃၂.၄ သန်း ခွင့်ပြုပြီး ဖြစ်ပါတယ်။ ဒီကြားထဲမှာ

လွဲမှားမှုအကြောင်းတစ်ခုရှိရင်လည်း ပြန်လည်စိစစ်ပြီးတော့ အကောင်းဆုံးပြန်လည်ဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဒီအစိုးရက ကတိကဝတ်တွေပေးထားတဲ့အခါမှာ ကျွန်တော်တို့ရဲ့ အမြဲတမ်းကော်မတီတစ်ခုဖြစ်တဲ့ ကတိကဝတ်များနှင့် အာမခံချက်များကို စိစစ်တဲ့ စိစစ်ရေးကော်မတီလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်ကြီးဦးဌေးလွင် အနေနဲ့ ကျွန်တော်တို့ ကတိကဝတ်ကော်မတီကလည်းပဲ အမြဲတမ်းစောင့်ကြည့်နေတယ် ဆိုတဲ့အကြောင်းကို အသိပေးလို ပါတယ်။

**မင်းတန်းအထက်တန်းကျောင်းခွဲမြစ်သား အ.ထ.က ခွဲနှင့် ပန်းညိုအ.လ.ကခွဲအတွက် ယခုစာသင်နှစ် အမီ ဖွင့်လှစ်၍ ကျောင်းဆရာများခန့်ထားပေးရန်နှင့် မြောင်မြို့နယ်အတွင်းရှိ သက်တမ်းကြာမြင့်စွာ ဖွင့်လှစ်ထားသော ကျောင်းများအား အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်စံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်း မြောင်မြို့နယ်ရဲ့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြောင်မြို့နယ် အတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်က မင်းတန်းအလယ်တန်းကျောင်းကို အထက်တန်း ကျောင်းခွဲအဖြစ် တိုးမြှင့်ပေးလိုက်တဲ့ သတင်းကြားခဲ့ပါတယ်။ နောင်ဆက်ပြီး မြစ်သာ တွဲဖက်အထက်တန်းကျောင်းကိုလည်း အထက်တန်း ကျောင်းခွဲအဖြစ်၊ ပန်းညိုမူလွန်ယခင် တွဲဖက်အလယ်တန်းကျောင်းကိုလည်း အလယ်တန်းကျောင်းခွဲ အဖြစ် ၂၀၁၃-၂၀၁၄ မှာ ဖွင့်လှစ်ပေးမယ်လို့ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်ကြားခဲ့ပါတယ်။ အဲ့ဒီလို ပြန်ကြားခဲ့တဲ့ နေရာမှာ ကျွန်တော်တို့မြို့နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေအရ ဒေသရဲ့ လိုအပ်ချက်တွေအရ ကျောင်းတွေအဆင့်တိုးမြှင့်တာကို မဲဆန္ဒနယ်ရှင်တွေက ဝမ်းသာအဲလဲ

စောင့်စား ပြီးတော့ လာမယ့်ပညာသင်နှစ်မှာ နီးရာကျောင်းတွေကို ကျောင်းအပ်ကြမယ်လို့ စောင့်နေကြတာရှိပါ တယ်။ ဒီမေးခွန်းကိုလည်း ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့က မေးခဲ့တာဖြစ်ပါတယ်။ လာမယ့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အစမှာ တိုးမြှင့်လိုက်တဲ့ ကျောင်းတွေအတွက် ဆရာ/ဆရာမတွေကို တစ်ပါတည်းခန့်ထားနိုင်အောင်ရည်ရွယ်ပြီးတော့ မေးခဲ့တာဖြစ်ပါတယ်။ အဲ့ဒါကြောင့် မင်းတန်းအထက်တန်းကျောင်းခွဲ၊ မြစ်သာအထက်တန်းကျောင်းခွဲနှင့် အလယ်တန်းကျောင်းခွဲတွေအတွက် စာသင်နှစ်အမီ ဖွင့်လှစ်ရန်နှင့်သတ်မှတ်ချက်နှင့်အညီ ကျောင်းဆရာများ ခန့်ထားပေးရန် အစီအစဉ် ပေးရန်အစီအစဉ်ရှိ/မရှိဆိုပြီးတော့ မေးခွန်းနံပါတ်(၁)ကို မေးခဲ့ပါတယ်။ နောက်တစ်ခါ မြို့နယ်ထဲမှာ ကျန်နေတဲ့ အဆင့်တိုးမြှင့်ဖို့လိုအပ်တဲ့ ရွာပုလဲတွဲဖက်အထက်တန်းကျောင်း၊ ဇရပ်ကုန်းမူလွန် ယခင်တွဲဖက်အလယ်တန်းကျောင်း၊ အုတ်နဲ့ဘုတ်မူလွန်၊ ကျောက်ဖူးကုန်းမူလွန် ယခင်တွဲဖက်အလယ်တန်းကျောင်းနှင့် ခေါင်းခွဲမူလွန်ကျောင်းတို့ကို အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိဆိုပြီး ကျွန်တော် မေးခွန်း အမှတ်(၂)အနေဖြင့် မေးခဲ့ပါတယ်။ အဲ့ဒီမှာလည်း ပညာရေးဝန်ကြီးဌာန အနေနဲ့ ကျောင်း သုံးကျောင်း အဆင့်တိုးမြှင့်ပေးပြီးဖြစ်ပါတယ်။ တိုးမြှင့်လိုက်တဲ့ကျောင်းတွေအတွက် စောစောကပြောသလို သက်ဆိုင်ရာကျောင်းအလိုက် ဆရာ/ဆရာမဝန်ထမ်းတွေ ခန့်ထားပေးဖို့ အစီအစဉ်ရှိ/မရှိနှင့် ခန့်ထားပြီးစီးမှုအခြေအနေကို ဖြေကြားပေးနိုင်ပါကလည်း ဖြေကြားပေးဖို့ ပြည်ထောင်စုဝန်ကြီးကို ပန်ကြားအပ်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေရဲ့ မေးခွန်းအား ကျွန်တော် ဆက်လက်တင်ပြဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်အတွင်း မင်းတန်းအခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မြစ်သားအခြေခံပညာအထက်တန်ကျောင်းခွဲ အတွက် အထက်တန်းပြ ၄ ဦး ခန့်ထားပြီးဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျန်တဲ့ ၃ ယောက်က အထက်တန်းပြဖြစ်ပြီးတော့ တစ်ယောက်ကတော့ B.Ed

ကျောင်းဆင်းဖြစ်ပါတယ်။ အထက်တန်းပြ အရည်အချင်းရှိတဲ့လူ ၄ ဦးစီ ခန့်ထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပန်းညိုအခြေခံပညာ အလယ်တန်းကျောင်းခွဲကို စိစစ်တဲ့အခါမှာ အလယ်တန်းပြ ၆ ဦးနှင့်မူလတန်းပြ ၃ ဦး၊ ပေါင်း ၉ ဦး ရှိပါတယ်။ ကျောင်းသားစာသင်ခန်းအချို့က ဆရာကို လိုအပ်မှုမရှိတဲ့အတွက် ထပ်မံခွဲပေးရန်မရှိကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းအသစ်ဖွင့်လှစ်ခြင်း အဆင့်တိုးမြှင့်ရန်နှင့် ပတ်သက်လို့ ရွာပုလဲ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် လည်းကောင်း၊ ဇရပ်ကုန်း အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲ အဖြစ်လည်းကောင်း၊ ခေါင်းခွဲ(၁)အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာ အလယ်တန်း ကျောင်းခွဲအဖြစ်လည်းကောင်း ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှာ အဆင့်တိုးမြှင့် ပေးပြီး ဖြစ်ပါတယ်။ တိုးမြှင့်ပေးတဲ့ကျောင်းများကိုလည်း သက်ဆိုင်ရာဦးစီးဌာနနှင့် ပြည်နယ်/တိုင်းပညာရေးရုံးက လိုအပ်တဲ့ ဆရာ/ဆရာမများခန့်ထားရေးအတွက် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အုတ်နဲ့ဘုတ်အခြေခံပညာမူလတန်း လွန်ကျောင်းနှင့် ကျောက်ဖူးကုန်းအခြေခံပညာမူလတန်းလွန် ကျောင်းတို့အား လက်ရှိနှစ်မှာ တိုးမြှင့်ရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျောင်းအဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍လည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုတစ်ဝှမ်းလုံး အပေါ်ဆောင်ရွက်မှုအခြေအနေအကျဉ်းလေး ကို Slide ထိုး၍ တင်ပြခွင့်ပြုပါ။ လက်ရှိ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကျောင်းအားလုံး စုစုပေါင်း ပတ်ကားအထက ပြည်ထောင်စုတစ်ဝှမ်းလုံးအနေနဲ့ ၂၀၂ ကျောင်း ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့ တစ်ပြိုင်တည်း အဆင့်တိုးမြှင့်ပေးပြီးဖြစ်ပါတယ်။ ပြည်နယ်နှင့်တိုင်းအလိုက် ခွဲခြားတင်ပြထား ပါတယ်။ အလယ်တန်းကျောင်းပတ်ကား ၂၀၈ ကျောင်း၊ အမက မူလတန်းမသင်မနေရမူလတန်း ပညာရေးအကောင်အထည်ဖော်အထောက်အကူ ဖြစ်ရေး အတွက် အမက Section ၁၄၂၈၊ ပတ်ကား ကျောင်း ၁၈၂၁၊ ထခွဲ၊ မခွဲ၊ မူလွန်၊ တွဲမူလတန်း ကျောင်းအပါအဝင် အားလုံးဟာ ၃၁၁၂ ရှိပါတယ်။ ဧပြီလ ၁၉ ရက်နေ့ တစ်ရက်တည်းနှင့် တစ်ပြည်လုံးလွှမ်းခြုံပြီးတော့ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်း ပညာရေးမှူး ၁၈ ယောက်ခေါ်ပြီး မှ လက်ကမ်းကျောင်းအဆင့် တိုးမြှင့်ခြင်း၊ ဖွင့်လှစ်ခြင်းက ၅၀၃၃ ကျောင်းရှိပါ တယ်။ ဒီ ၅၀၃၃ ကျောင်းဟာ ဧပြီ ၁၉ ရက်ပေးရခြင်းကလည်း မူလတန်းကျောင်းက မူလွန်၊ အလယ်တန်းကျောင်း

က ထက်ခဲ့အဆင့်တိုးမြှင့်တဲ့အခါမှာ သက်ဆိုင်ရာ မိဘကျောင်းသူ ကျောင်းသားများ မိမိနေရာ ဒေသတွင် ကျောင်းတက်နိုင်ရန်အတွက် စီစဉ်ပေးဖို့အတွက် ဧပြီ ၁၉ တည်း က တစ်ပြည်လုံး အတိုင်းအတာကို ကျောင်းအဆင့်တိုးမြှင့်ခြင်းအမိန့်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ ပါတယ်။ ဆောင်ရွက်ချက် နှစ်ပိုင်းကို အကျဉ်းတင်ပြရရင်တော့ ပထမနှစ်ကတော့ လိုအပ်ချက်ပြင်းထန်တဲ့အတွက် စာရင်းဇယားစုစည်းရခက်ခဲတဲ့အတွက် ကျောင်းသားအရေအတွက်ပေါ် မူတည်ပြီးတော့မှ ၃၅၀၀ ကျော် ၇၀၀ လောက်ရှိကျောင်းများကို အဆင့်တိုးပေးပါတယ်။ လက်ရှိ အောက်ခြေက တင်ပြတဲ့ ကျောင်းအားလုံး ကြည့်ပြီးမှ ကျောင်းအားလုံးမှာ တိုင်းပညာရေးမှူး ၁၈ ယောက်နှင့် ဒူးတိုက်တွေ့ဆုံ ညှိနှိုင်းပြီးတော့မှ သက်ဆိုင်ရာအစိုးရတိုင်းဒေသဝန်ကြီးချုပ် စသည့်အားဖြင့် အားလုံးပေါင်းစပ်ညှိနှိုင်း ပြီးမှ ၅၀၃၃ ကျောင်းကို အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ယခင် သုံးနှစ်တာနှင့် ယခုအစိုးရသစ်တက်တဲ့ ၃ နှစ်ကာလအနေအထားတွေကို နှိုင်းယှဉ်တင်ပြအပ်ပါ တယ်။ ၂၀၀၈-၂၀၀၉ ကနေ ၂၀၁၀-၂၀၁၁ ထိ ၃ နှစ်ကာလအတွင်းမှာ ပြီးခဲ့တဲ့အချိန် အနေအထား အသစ်ဖွင့်တဲ့ ကျောင်းက ၅၂၆ ကျောင်းဖြစ်ပါတယ်။ အဆင့်တိုးမြှင့်ပေးတဲ့ကျောင်းက ၁၅၅၆ ကျောင်း၊ အားလုံး ၂၀၈၂ ကျောင်းကို ပညာသင်နှစ် ၃ နှစ်ကာလမှာ အသစ်ဖွင့်လှစ်တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လက်ရှိအစိုးရသစ် ၃ နှစ်ကာလအတွင်း ဆောင်ရွက်မှုအခြေအနေအကျဉ်း ဆက်လက်တင်ပြ ပါမယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ စတက်ခါစမှာ မတ်လ၊ ဧပြီလဆန်းမှာ မီတဲ့အချိန်မှာ ၇၄၁ ကျောင်းပဲ တိုးမြှင့်နိုင်ပါတယ်။ ၂၀၁၂-၂၀၁၃ မှာ ကျောင်းသားအခြေပြုပြီးမှ ၂၈၃၃ ကျောင်း အဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လက်ရှိ ၂၀၁၃-၂၀၁၄ မှာ ယနေ့အထိ ၅၀၃၃ ကျောင်းဖြစ်တဲ့အတွက် အားလုံး စုစုပေါင်းဆိုရင် ၈၆၀၇ ကျောင်း အဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းကို ယနေ့အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၃ နှစ်နဲ့ ယနေ့ ၃ နှစ်နှိုင်းယှဉ်မယ်ဆိုရင် ၆၅၂၅ ကျောင်း တိုးတက်မှုရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့်ဆိုရင် ၄ ဆကျော် လောက်အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ဒီလိုတိုးမြှင့်ပေးခဲ့သော်လည်း မြေပြင်ကွင်းဆင်း ဆောင်ရွက်တဲ့အခါမှာ မူအားဖြင့် ကျောင်းအသစ်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် အဆင့်တိုးမြှင့်ဆောင်ရွက်တဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ကျောင်းသားအရေအတွက်တို့ကို မြို့နယ်/ခရိုင်/ပြည်နယ်/ တိုင်းဒေသကြီး အဆင့်ဆင့်တို့က စိစစ်ခွင့်ပြုပေးခဲ့ပါတယ်။ အချို့ကျောင်းများ အဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်

ခြင်းဖြစ်သင့်ဖြစ်ထိုက်တာရှိသော်လည်း ကွင်းဆင်းတဲ့အခါမှာ ကျန်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကျွန်တော်တို့ရဲ့ အားနည်းချက်ဖြစ်ပါတယ်။ ဒုတိယကတော့ ကလေးများ၊ မိဘများရဲ့ အုပ်ချုပ်မှုအဆင်ပြေဖို့အတွက် ဧပြီ ၁၉ ရက် ဝန်ကြီးဌာနအမိန့်ထုတ်တဲ့အောက်ခြေမှာ ကျောင်းဖွင့်ဖို့ ဇွန်လ ၃ ရက်ကျောင်းဖွင့်တာဖြစ်ပြီးတော့ ၂၇-၅-၂၀၁၃ မှာ မြေပြင်ကသိရှိပြီးတော့ ကလေးများ မူလွန် ကျောင်းဖွင့်ခွင့်ရတဲ့အခါမှာ အခြားကျောင်းများကိုအပ်ပြီးဖြစ်တဲ့အတွက် အုပ်ချုပ်မှုအခက်အခဲများ ဖြစ်နေတာ တွေ့ရပါတယ်။ ဒါကတော့ ဝန်ကြီးဌာနရဲ့ ဝန်ထမ်းပိုင်းဆိုင်ရာ စိစစ်ကြပ်မတ်ကွပ်ကဲမှု ကျွန်တော်တို့ဘက်က အားနည်းချက်ဖြစ်ပါတယ်။ နောက်နှစ်အလားတူဖြစ်ဖို့အတွက် ဒီထက်စောတဲ့ အချိန်မှာလည်း ကျောင်းများဖွင့်လှစ်ခြင်းကိုဆောင်ရွက်ဖို့နဲ့ ကျောင်းအသစ်ဖွင့်လှစ်ခြင်း၊ အဆင့် တိုးမြှင့်ခြင်းနှင့် ပတ်သက်ပြီးတော့ အောက်ခြေက အချိန်နှင့်တစ်ပြေးညီသိရှိအောင်လည်း အားထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ လောလောဆယ် ကျွန်တော်တို့ လက်ရှိရောက်တဲ့ အဆင့်အထိ ကျောင်းအသစ်ဖွင့်ဖို့၊ အဆင့်တိုးမြှင့်ဖို့ တောင်းဆိုဆဲဖြစ်ပါတယ်။ ဝန်ကြီးရော၊ ကျွန်တော်ရော နှစ်ပိုင်းလုံးကို လွှတ်တော်ကို တင်ပြလိုပါတယ်။ ကျောင်း Section များအသစ်ဖွင့်လှစ် ခြင်းဟာ သူရာသီချိန်နှင့်ဆောင်ရွက်မယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေပါတယ်။ ဒါကြောင့်လည်း ဧပြီလ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ လာမယ့်နှစ်ကတော့ ဖေဖော်ဝါရီလဆန်းလောက်မှာ ဖြစ်အောင်ကြိုးစား ဖို့ အစီအစဉ်ရှိပါတယ်။ ဖေဖော်ဝါရီလဆန်းမှာ အားလုံးတစ်ပြည်လုံးအတိုင်းအတာနှင့် ကျောင်းအသစ် ဖွင့်လှစ်မယ်ဆိုရင် ကလေးများ စာမေးပွဲဖြေနေတဲ့အချိန်မှာ တစ်ပါတည်း ကိုယ့်ကျောင်းမှာပဲ မူလတန်းက မူလွန်၊ အလယ်တန်းက အထက်ခွဲစသည့်အားဖြင့် ကြည့်မယ်ဆိုရင် အုပ်ချုပ်မှုယန္တရား ၊ ဆရာခန့်ထားမှုယန္တရားအစအဆုံးပိုအဆင်ပြေမှာဖြစ်တဲ့အတွက် ပြီးခဲ့တဲ့နှစ်ရဲ့ အတွေ့အကြုံများယူ ပြီးတော့ ဖေဖော်ဝါရီလဆန်းမှာပဲ ကျောင်းအဆင့်တိုးခြင်း ဆောင်ရွက်ပေးပါမယ်။ ကြားထဲမှာ တင်ပြတဲ့အထဲက ဖြစ်သင့်ဖြစ်ထိုက်တဲ့ကျောင်းများကျန်ခဲ့တယ်ဆိုရင်လည်း ဝန်ကြီးဌာနက ဝန်ကြီးနှင့် ပြန်လည် တင်ပြပြီးတော့ စာရင်းဇယားတော့ အသေးစိတ် ပြုစုထားပါမယ်။ တစ်လကျော်ရှိပြီဖြစ်တဲ့အတွက် ဒီအချိန်မှာကျောင်းဖွင့်ရင် နောက်ကအုပ်ချုပ်မှုယန္တရားများဖြစ်တဲ့ ဆရာဖြည့်ဆည်းခန့်ထားခြင်း၊ မူလတန်းအဆင့် မူလတန်းကျောင်းသားများအားလုံး ကျောင်းအသေးသုံးစရိတ်နှင့် ရုံးသုံးကိရိယာ ဝယ်တဲ့စရိတ်က မူလတန်းကျောင်းခွဲ

အတွက် တစ်သိန်းထုတ်ပေးပါတယ်။ ကျောင်းသားတစ်ရာ အောက်ရှိတဲ့ မူလတန်းကျောင်း အားလုံးကို တစ်သိန်းပေးပါတယ်။ တစ်ရာနှင့် သုံးရာအကြား နှစ်သိန်းခွဲ၊ သုံးရာအထက် သုံးသိန်းအထွေထွေအသုံးစရိတ်အတွက်ပေးတာပါ။ နောက်မှအသစ်ဖွင့်တဲ့ အတွက် နောင်က ဘတ်ဂျက်ကိစ္စ၊ အုပ်ချုပ်မှုကိစ္စ၊ ဆရာခန့်ထားရေးကိစ္စများ၊ နောင်ပိုင်းကိစ္စများ တစ်ပြည်လုံး အတိုင်းအတာနှင့်လုပ်ရတဲ့အတွက် အနည်ငယ်တော့ အုပ်ချုပ်မှုအခက်အခဲရှိပါတယ်။ သို့သော်လည်း လိုအပ်ချက်ရှိမယ်ဆိုရင် သီးခြားတင်ပြပြီး ဒုတိယအသုတ်ပေးဖို့အတွက် ကြိုးစား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဲ့ဒီတင်ပြတဲ့အပိုင်းမှာ ဒီလိုကျောင်းတွေ တိုးတဲ့ အတွက် (၁)ကတော့ ကျောင်းဝင်နှုန်း၊ ကျောင်းအပ်နှုန်းက အတိုင်း အတာတစ်ခုအထိ မြင့်တက်လာပါ တယ်။ ဒီထက်ထူးခြားမှုကတော့ လေးတန်းမှ မူလတန်းပြီး ဆုံးလို့ အလယ်တန်းကူပြောင်းနှုန်းဟာ သိသိ သာသာမြင့်မားလာပါတယ်။ ထို့အတူပဲ အလယ်တန်းအဆင့် ရှစ်တန်းအောင်ပြီး အထက်ကူးပြောင်း နှုန်းကလည်း သိသိသာသာ မြင့်မားလာပါတယ်။ ကျောင်းအဆင့်တိုးမြှင့်ရေးကို ဒုတိယအကြော့အနေနဲ့ အတတ်နိုင်ဆုံး ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

**၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများအား အချိန်မီ ဆေးကုနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းကိုလက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ် ၆ကိုဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက ၂၀၁၃ ခုနှစ် အသက် ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများ အချိန်မီဆေးကုသ နိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းကို ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်အဆို တင်သွင်းဖို့ သူရဦးအောင်ကို အားဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)၊** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများ၊ ဧည့်သည်တော်များကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်တောင်း အပ်ပါတယ်။ ၂၀၁၃ ခုနှစ် အသက်ဘေး အန္တရာယ်စိုးရိမ်ရတဲ့ ထိခိုက်ဒဏ်ရာရရှိသူလူအများကို အချိန်မီဆေးကုသနိုင်ဖို့အတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ ကိုယ်စားကျွန်တော် သူရဦးအောင်ကိုမှ တင်သွင်းသွား မှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအကြောင်းအရာပါကိစ္စနှင့်ပတ်သက်ပြီးတော့မှ မတော်တဆထိခိုက်ဒဏ်ရာရမှု ဖြစ်စဉ်အားလုံးမှာ ထိခိုက်ဒဏ်ရာရလူများကို အချိန်မီဆေးကုသပေးနိုင်ဖို့အတွက်ကို ဥပဒေပြဋ္ဌာန်းချက်နှင့် လုပ်ထုံးလုပ်နည်းများမရှိသေးပါက ဆောလျင်စွာ ပြဋ္ဌာန်းပေးရန် လွှတ်တော်သို့တိုက်တွန်းကြောင်း အရေးကြီးအဆိုတစ်ရပ်ကို ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ကျွန်တော်တို့ကော်မတီကတင်သွင်းခဲ့ပါတယ်။ အဆိုကို လွှတ်တော် ကလည်းအတည်ပြုပေးခဲ့ပါတယ်။ တစ်ဆက်တည်းပဲ လွှတ်တော်ဥက္ကဋ္ဌကြီးကလည်းပဲ အဆိုနှင့် သက်ဆိုင်တဲ့ဥပဒေကြမ်းရေးဆွဲတင်ပြရန် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသို့ တာဝန်ပေး အပ်ခဲ့ပါတယ်။ အဲ့ဒီလို တာဝန်ပေးအပ်မှုအရ ယခု ဥပဒေကြမ်းကို ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထူးသဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးမှာ မော်တော်ယာဉ် မတော်တဆထိခိုက်မှု ဖြစ်စဉ်တွေက ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပါတယ်။ အဲ့လိုဖြစ်ပွားတဲ့ နေရာမှာ အချို့ကိုလည်းပဲ အချိန်မီဆေးရုံ၊ ဆေးခန်းများသို့ပို့ဆောင်ပြီး အသက်ကယ်နိုင်ခဲ့သော်လည်းပဲ အချို့ကို အကြောင်းကြောင်းသော ဥပဒေကန့်သတ်ချက် များကြောင့်မို့လို့ မပို့ဆောင်နိုင်လို့အသက်ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်နေပါတယ်။ တစ်ဖက်က ကြည့်လို့ရှိရင် တာဝန်ရှိဌာနအသီးသီးကလည်းပဲ ခုနကနယ်လှည့် ကျန်းမာရေး စောင့်ရှောက်တဲ့ အစီအမံများအပါအဝင် အမြန်လမ်းမကြီးပေါ်မှာ သတ်မှတ်ထားတဲ့ အမြန်နှုန်းထက်ကျော်လွန်မောင်းနှင်တဲ့ယာဉ်များကို နေ့စဉ်စစ်ဆေးခြင်း၊ အပြစ်ပေးခြင်း၊ ဒဏ်ရိုက်ခြင်းများ ပြုလုပ်နေတာလည်းတွေ့ရပါတယ်။ အခြားဖြစ်နိုင်တဲ့ နည်းလမ်းပေါင်းစုံနဲ့လည်းပဲ အကာ အကွယ်များပေးနေတာတွေ့ရပါတယ်။ သို့သော်လည်းပဲ ကျွန်တော် ခုနက တင်ပြခဲ့သလိုပဲ မတော်တဆ

ထိခိုက်မှုများနှင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများဟာ ဆက်လက်ဖြစ်ပွား နေဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဖြစ်စဉ်တွေလျော့နည်းပပျောက်သွားဖို့၊ ထိခိုက်ဒဏ်ရာရ သေဆုံးမှုတွေ လျော့နည်း သွားဖို့အတွက်ကို ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် အမြန်လိုအပ်လာ ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအနေနဲ့ ၂၀၁၃ ခုနှစ် အသက်ဘေး အန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများကို အချိန်မီဆေးကုသနိုင် ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းအပ် ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သူရဦးအောင်ကို တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးသန်းထွန်း(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒီပဲယင်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကတင်သွင်းတဲ့ ဥပဒေကြမ်းဟာ အသက်ဘေး အန္တရာယ်စိုးရိမ်ရတဲ့ ထိခိုက် ဒဏ်ရာရရှိသူများဟာ အချိန်မီဆေးကုသနိုင်ရေးအတွက် အသက်မဆုံးရှုံးသင့်ဘဲ အသက်ဆုံးရှုံးရမှုများကို ကာကွယ်စောင့်ရှောက်ရန် အဓိကရည်ရွယ် ချက်ဖော်ပြပါရှိခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူအား အနီးဆုံးကျန်းမာရေးဆေးကုသမှု ဆောလျင် စွာခံယူရရှိနိုင်ရေးအတွက် ဆက်သွယ်ပို့ဆောင်နိုင်စေခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူသည် အသက်အန္တရာယ်စိုးရိမ်ရပါက ရဲမှုခင်းဆေးစာမပါရှိသော်လည်း အချိန်မီ ဆေးကုသမှုရရှိ စေနိုင်ခြင်း၊ ထိခိုက်ဒဏ်ရာရသူအားကူညီစောင့်ရှောက်ရန် နိုင်ငံသားများရဲ့တာဝန်ကို သတ်မှတ်ပေးထားခြင်း၊ ဆေးကုသရန်တာဝန်ရှိသူကပေါ့လျော့ခြင်း၊ ပျက်ကွက်ခြင်းကို အရေးယူဆောင်ရွက်နိုင်ခြင်း၊ တာဝန်ပျက်ကွက်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အရေးယူ ဆောင်ရွက်နိုင်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူအား ကူညီစောင့်ရှောက်ပေးသူ၏ အမှန်တကယ် ကုန်ကျစရိတ်များကို ပြန်လည်ရရှိစေနိုင်ခြင်း စတဲ့အချက်များပါဝင်ဖော်ပြထားပါ၍ ပြည်သူ့လွှတ်တော်က လက်ခံသင့်ပါကြောင်းနှင့် ဥပဒေကြမ်းတင်သွင်းခြင်းကို ထောက်ခံပါ ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။။ သူရဦးအောင်ကိုတင်သွင်းတဲ့ ၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူအများ အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဥ်းပြီး လက်ခံဆွေးနွေးရန် သင့်/မသင့်ဆုံးဖြတ်နိုင်ရန်အတွက် လွှတ်တော်ရဲ့ဆန္ဒကိုရယူမှာဖြစ်ပါ တယ်။ ဒီလိုဆန္ဒရယူဖို့ ဆောင်ရွက်ရာမှာ မြန်ဆန်ထိရောက်တဲ့မတ်တတ်ရပ်ဆန္ဒပြု မဲပေးတဲ့ နည်းလမ်းကိုပဲ အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို ကန့်ကွက်တဲ့သူရှိရင် မတ်တပ်ရပ်ဆန္ဒပြုပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ကန့်ကွက်သူမရှိ၊ ထောက်ခံသူဆန္ဒမဲများတဲ့အတွက် သူရဦးအောင်ကို တင်သွင်းတဲ့ ၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူအများ အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့လွှဲအပ်ပေးမည် ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးမပြီးဆုံးမီမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့မှာကြားချက်ကလေးတစ်ခုကို ကျွန်တော်တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့လွှတ်တော်အစည်းအဝေးများကို များသောအားဖြင့် နေ့စဥ်နံနက်ပိုင်းမှာပဲ ကျင်းပပြီးတော့ နေ့လယ်းပိုင်းမှာတော့ ကျင်းပမှာမဟုတ်ပါဘူး။ အကြောင်းကတော့ နေ့လယ်ပိုင်းများမှာ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်ကော်မတီရဲ့ကိစ္စရပ်များရော၊ လွှတ်တော်ကိုယ်စားလှယ် များတစ်ဦးချင်းအနေဖြင့်ပါ ဥပဒေပြုရေးကိစ္စများကို ဆွေးနွေးအကြံပြုနိုင်ရေးအပါအဝင် အခြားကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် အတွက်ဖြစ်ပါတယ်။ ဒါကြောင့် အချိန်ကိုစနစ်တကျနဲ့ အသုံးပြု ပြီးတော့ လွှတ်တော်ရေးရာကိစ္စရပ်များကို အောင်မြင်အဆင်ပြေစွာဆောင်ရွက်နိုင်ကြပါစေလို့
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကမှာကြားပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဆဋ္ဌမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ပဉ္စမနေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ဆဋ္ဌမနေ့ကိုတော့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ အချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်။၁၂း၀၅

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]